ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (4-1-2006) (၄၈၃၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံကြီးအချို့သည် သူတစ်ပါး ပြည်တွင်းရေးကိုစွက်ဖက်ကာ ဩဇာလွှမ်းမိုးရန် ကြိုးပမ်းအားထုတ်နေ လွတ်လပ်သောနိုင်ငံသားများအဖြစ် မွေးဖွားလာခဲ့ပြီး လွတ်လပ်ရေး၏တန်ဖိုးနှင့်အရသာကို သိမြင်နားလည်သော ယနေ့လူငယ်များသည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိ မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်သူတစ်ရပ်လုံး ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သော ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသည့် ဤနေ့ထူးနေ့မြတ်တွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသား ပြည်သူအပေါင်းတို့အား ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအပေါင်းသည် များလှစွာသော အသက် သွေး ချွေးတို့ကို အရင်းအနှီးပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၅၈)နှစ်တင်းတင်း ပြည့်မြောက်ပြီဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရပ်တည်ခဲ့သည်။ ရှေးပဝေသဏီကပင် အမိမြေပေါ်၌ ဥမကွဲသိုက်မပျက် ချစ်ကြည်ရင်းနှီးစွာ အေးအတူပူအမျှ နေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုအခြေပြု၍ အမိနိုင်ငံတော်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပနေမှုကို ကြည့်ရှုလေ့လာရန် ရောက်ရှိနေသော ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာ သုတေသီ Professor Mr. Robert H. Taylor အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြား

ရန်ကုန် ဇန်နဝါရီ ၃

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၄-၁-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တန်ဖိုးထားထိန်းသိမ်း ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး ဝိုင်းဝန်းကြိုးပမ်း

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်(ယနေ့)သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အစဉ်ထာဝရ အလေးထားဂုဏ်ယူရသော သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်လာခဲ့သော နိုင်ငံဖြစ်သည်။ မြန်မာတို့သည် သမိုင်းစဉ်တစ်လျှောက် ဇာတိသွေး၊ ဇာတိမာန်ထက်သန်ပြီး တိုင်းတစ်ပါးက ထိပါးကျူးကျော်လာမှုဟူသမျှကို ခေါင်းငုံ့မခံဘဲ ရှုပ်ရှုပ်ချွံချွံတွန်းလှန်ခဲ့ကြသည့် အစဉ်အလာရှိသည်။

သို့ရာတွင် ကျူးကျော်လိုသူ ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို မတရားသိမ်းပိုက်မှုကြောင့် မြန်မာ့အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရဖူးသည်။ ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့ကြသော်လည်း သူ့ကျွန်မခံလိုသူ တိုင်းရင်းသားမျိုးချစ်ပုဂ္ဂိုလ်အပေါင်းတို့က နယ်ချဲ့တို့အား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံမှ တွန်းလှန်ဆန့်ကျင်သည့် တိုက်ပွဲများကို ဆက်လက်ဆင်နွှဲခဲ့ကြသည်။

တိုင်းရင်းသားညီအစ်ကိုတို့က ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို အရင်းတည်၍ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်များကို သက်စွန့်ကြိုးပမ်းပါဝင်ဆင်နွှဲခဲ့ကြရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ဘဝသို့ ပြန်လည်ရောက်ရှိရပ်တည်လာခဲ့သည်။

ထို့ကြောင့် တိုင်းချစ်၊ ပြည်ချစ် မျိုးချစ် တိုင်းရင်းသားပြည်သူအပေါင်းတို့က အသက် သွေး ချွေးများစွာ ရင်းနှီးရယူခဲ့ရသည့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းကို မြန်မာပြည်သူတစ်ရပ်လုံးက ထာဝစဉ်သတိရနေကြသည်။ မြန်မာ့ ဇာတိသွေး၊ ဇာတိမာန်ဖြင့် စွန့်လွှတ်စွန့်စားရယူခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးကို ထာဝရမြတ်နိုးတန်ဖိုးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်သည်။

ထို့အတူ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကာလတစ်လျှောက်နှင့် လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် အသက်ပေါင်းများစွာ စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ကြသည့် တိုင်းရင်းသားမျိုးချစ်သူရဲကောင်းတို့ကိုလည်း အစဉ်လေးစား ဂုဏ်ပြုကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံ၏ သမိုင်းကြောင်း အခြေခံများနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲမည့် ဒီမိုကရေစီစနစ် ထူထောင်နိုင်ရေးအတွက် ပုံဖော်တည်ဆောက်လျက်ရှိရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား၍ ဖော်ဆောင်လျက်ရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် အနှစ်သာရများနှင့် ပြည့်လျှမ်းနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာစေရန် အမျိုးသားညီလာခံကြီးကို ကျင်းပ၍ ကြိုးပမ်းဖော်ဆောင်လျက် ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘိုးဘွားများအစဉ်အဆက်အသက်နှင့်ရင်း၍ ရယူတည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထာဝစဉ်တန်ဖိုးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမို ကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

✧ သာသနာတော်မှ

အမိန့်ကြော်ငြာစာ အမှတ်(၃/၂၀၀၆)ကိုလည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၀၆)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၀၆)ကို လည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၆/၂၀၀၆)ကိုလည်းကောင်း၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၀၆)ကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်ချီးမြှင့် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၀၆)ကိုလည်းကောင်း ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၄ရက် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၆)ဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်သုံးပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်တစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၂၂ပါး၊ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်တစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ငါးပါး၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် အပါး ၄၀၊ သီလရှင်လေးပါး စုစုပေါင်း ၄၄ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၅၁ပါး၊ သီလရှင်ခြောက်ပါး စုစုပေါင်း ၅၇ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၄ပါး၊ သီလရှင် ခြောက်ပါး စုစုပေါင်း အပါး ၂၀၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ငါးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၃၂ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၅၇ပါး၊ သီလရှင်နှစ်ပါး၊ လူပုဂ္ဂိုလ်ငါးဦး စုစုပေါင်း ၆၄ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၆၃ပါး၊ သီလရှင်နှစ်ပါး၊ လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၆၆ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ငါးပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၄ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ခြောက်ပါး၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ငါးဦး၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့ ၁၃ဦး၊ သီဟသုဓမ္မ မဏိဇောတဓရဘွဲ့ လေးဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့တစ်ဦး၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဘွဲ့ သုံးဦး၊ သီရိသုဓမ္မ သင်္ဂီဘွဲ့၁၄ဦး၊ သီဟသုဓမ္မသင်္ဂီဘွဲ့လေးဦး သုဓမ္မသင်္ဂီဘွဲ့သုံးဦးတို့ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၆)ဖြင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်) နှစ်ဦး၊ ဆေးပညာထူးချွန်တံဆိပ်(တတိယဆင့်) နှစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်) သုံးဦး၊ လယ်ယာစီးပွားထူးချွန် တံဆိပ်(တတိယဆင့်) ၁၅ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်) လေးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်) ၂၅ဦး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်) ၁၇ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်) ၄၇ဦး၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်) ၆၅ဦး၊ လူမှုထူးချွန်တံဆိပ်(ပထမဆင့်) ၅၂ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ၇၁ဦး၊ လူမှုထူးချွန်တံဆိပ်(တတိယဆင့်) ၂၁၄ဦး၊ ရဲသူရ တံဆိပ်နှစ်ဦး၊ ရဲဗလတံဆိပ်နှစ်ဦး၊ ရဲသူရိန်တံဆိပ်နှစ်ဦး၊ ရဲကျော်စွာ တံဆိပ်တစ်ဦး၊ ရဲကျော်သူတံဆိပ်နှစ်ဦး စုစုပေါင်း ၅၂၆ဦး၊ အမိန့်ကြော်ငြာစာ အမှတ်(၃/၂၀၀၆)ဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသူ ၉၄၃ဦး၊ အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၀၆)ဖြင့် စစ်မှုထမ်းကောင်း တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား ၂၃ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၃၄၃၄ဦး စုစုပေါင်း၃၄၅၇ဦး၊ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၆)ဖြင့် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား ၁၆၂ဦး တာဝန်ထမ်းဆောင်ဆဲ ၅၅၈၁ဦး စုစုပေါင်း ၅၇၄၃ဦး၊ အမိန့်ကြော်ငြာစာ အမှတ်(၆/၂၀၀၆)ဖြင့် ရဲမှုထမ်းကောင်း တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူ၃၇ဦး၊ အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၀၆)ဖြင့် နိုင်ငံတော် ရဲမှုထမ်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူ၂၄၇ဦး၊ အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၀၆)ဖြင့် ပြည်သူ့ဝန်ထမ်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား၄၀ဦး၊ တာဝန်ထမ်းဆောင်ဆဲ၁၉၀၄၉ဦး စုစုပေါင်း ၁၉၀၈၉ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား၃၆ဦး၊ တာဝန်ထမ်းဆောင်ဆဲ၃၃၉၁၁ဦး စုစုပေါင်း ၃၃၉၄၇ဦး တို့ ပါဝင်သည်။ (သတင်းစဉ်)

✪ ကျောဖုံးမှ

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမမျက်နှာစာ၌ကျင်းပရာ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ဖဲကြိုးဖြတ်၍ ပြပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ပြပွဲခန်းမ ဗဟိုပြကွက်ဖြစ်သည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဓာတ်ပုံနှင့် လွတ်လပ်ရေးနှင့် သက်ဆိုင်သော အဆိုအမိန့်၊ စတင်ဖြစ်တည်ခဲ့သည့် ပထမမြန်မာနိုင်ငံတော်နှင့် တည်ဆောက်လျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ပန်းချီကားများ၊ မြန်မာအစ မြန်မာက ပြကွက်၊ တကောင်းမြို့မှ ခိုင်မာသော သက်သေများပြကွက်၊ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ လွတ်လပ်ရေး ရရှိခြင်းနှင့် လွတ်လပ်ရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ ပြကွက်၊ ရှခင်းသာယာ ပြည်မြန်မာ၊ ရှုချင့်စဖွယ် အမျိုးသားယဉ်ကျေးမှုနှင့် ခေတ်မီဘက်စုံ တည်ဆောက်ရေး မြင်ကွင်းရောင်စုံ ဓာတ်ပုံပြကွက်များ၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၏ Computer Quiz အစီအစဉ်၊ Soft Guide Computer Co ၏ Teaching Contest with Audio Language Lab ပြိုင်ပွဲ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြခန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ပြခန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြခန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြခန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြခန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ ပညာရေးဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြခန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြခန်း၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြခန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနပြခန်းတို့နှင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နိုင်ငံသစ်ဆီ တို့ဦးတည်တက်ညီလက်ညီချီတက်မည် ပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြရာ သက်ဆိုင်ရာပြခန်းတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပြပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် စာပေဗိမာန် စာအုပ်ဆိုင်တို့က သုတ၊ ရသစာအုပ်မျိုးစုံတို့ကို ရောင်းချပေးလျက်ရှိပြီး ပြပွဲကို ယနေ့မှ ဇန်နဝါရီ ၁၁ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်ကြသည်။ (သတင်းစဉ်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ပြခန်းများကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ထိုင်းရေကူးအဖွဲ့ ဘဲလေးသရုပ်ပြပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ရက်မှ ၅ရက်အထိကျင်းပမည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးဖိတ်ခေါ်ရေကူးပြိုင်ပွဲ ယှဉ်ပြိုင်ရန် ရောက်ရှိနေသော ထိုင်းရေကူးအဖွဲ့၏ ဘဲလေးသရုပ်ပြပွဲ(Synchronized Swimming)နှင့် Aurora တေးဂီတအဖွဲ့တို့၏ ဖျော်ဖြေပွဲကို ယနေ့ညနေ ၅နာရီခွဲက ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးကန်တွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အတွင်းရေးမှူး ဦးချိုမောင်နှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ကုက္ကိုင်းရေကူးအသင်းသား၊ အသင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ-ထိုင်းချစ်ကြည်ရေးရေကူးပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်(ယနေ့)မွန်းလွဲ ၂နာရီတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပမည်ဖြစ်ရာ အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက်	–	၃-၁-၂၀၀၆ မှ ၁၁-၁-၂၀၀၆
အချိန်	–	နံနက် (၀၉း၀၀)နာရီမှ ညနေ (၁၇း၀၀)နာရီ
နေရာ	–	တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။)

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားသော ယနေ့ နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအတွက် လိုအပ်သော အခြေခံကောင်းများကို ခိုင်မာစွာ တည်ဆောက်လျက်ရှိ

☆ ရှေ့ဖုံးမှ

၁၉ ရာစုနှောင်းပိုင်းတွင် မြန်မာနိုင်ငံသည် တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ရသည့်အတွက် ထီးကျိုးစည်ပေါက်ဖြစ်ကာ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံးခဲ့ရပေသည်။ သို့ရာတွင် လွတ်လပ်သော နိုင်ငံသားများအဖြစ် ခေတ်အဆက်ဆက် တင့်တင့်တယ်တယ် ရပ်တည်ခဲ့ပြီး လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏အရသာကို ကောင်းစွာသိရှိကြသော တိုင်းရင်းသား ညီအစ်ကို မောင်နှမအပေါင်းတို့သည် အသက် သွေး ချွေးတို့ဖြင့် ရှုပ်ရှုပ်ချုံချုံ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည့်အတွက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ရပေသည်။

နိုင်ငံတစ်နိုင်ငံက တစ်နိုင်ငံကို လက်နက်ဖြင့် ပြောင်ပြောင်တင်းတင်း ကျူးကျော်တိုက်ခိုက်ကာ ကျွန်ပြုသည့်စနစ်သည် ယနေ့ခေတ်တွင် မေးမှိန်သွားပြီဖြစ်သော်လည်း နိုင်ငံကြီးအချို့သည် သူတစ်ပါး၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းနယ်ပယ်တို့တွင် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းအားထုတ်နေမှုများကို တွေ့မြင်နေရပေသည်။ လွတ်လပ်သော နိုင်ငံသားများအဖြစ် မွေးဖွားလာခဲ့ပြီး လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏အရသာကို ကောင်းစွာသိမြင်နားလည်သော ယနေ့လူငယ်များသည် မျိုးဆက်သစ်များပီပီ အမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စည်းလုံးညီညွတ်သောအင်အားဖြင့် ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပေသည်။

ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားသော ယနေ့နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအတွက် လိုအပ်သော အခြေခံကောင်းများကို ခိုင်မာစွာ တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အဓိက လိုအပ်ချက်များဖြစ်သည့်အလျောက် ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် နေ့မအားညမနား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တာဝန်ကို ရယူခဲ့ရချိန်မှစ၍ နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေးအတွက် ပဓာနကျသော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေး၍ အကောင်အထည်ဖော်ခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စီမံကိန်းများချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို အလေးအမြတ်ပြုလျက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာမှန်ကန်မှုနှင့် ကျင့်သုံးသော မူဝါဒမှန်ကန်မှုတို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပေသည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အဖွဲ့အစည်းများအနက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ပြီး လက်နက်ကို အပြီးအပိုင် စွန့်လွှတ်သော အဖွဲ့အစည်းများလည်းရှိနေပြီဖြစ်သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများပြည့်စုံစေရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်လျက် ဖွံ့ဖြိုးရေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ကာ နိုင်ငံတော်အတွင်း ဒေသစုံ၊ ဘက်စုံ၊ ကဏ္ဍစုံ ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများပါ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း၊ တာတမံ အသစ်များ၊ မြစ်ရေတင်စီမံကိန်းများ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့အကောင်အထည်ဖော်ပေးသည့်အတွက် မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးနည်းပညာများ၊ သီးနှံစိုက်စွမ်းအားများ တိုးတက်လာခဲ့သည်။ လူနေမှုစနစ်အရ လိုအပ်ချက်များနှင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်စွမ်းအားစီမံကိန်းများကို တိုးချဲ့အကောင်အထည်ဖော်ပြီး လျှပ်စစ်ဓာတ်အားများ တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး၏ မောင်းနှင်အားဖြည့်တင်းရန် စက်မှုဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်တည်း ဆောင်ရွက်ရာတွင် နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကပိုင်စက်ရုံများကို တိုးတက်ထူထောင်နိုင်ခဲ့သည်။ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကလိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ကားလမ်းသစ်များနှင့် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူးချောင်းကူးတံတားကြီးများ တိုးချဲ့တည်ဆောက်ခြင်း၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၏ ပဓာနကျသည့် ကဏ္ဍတစ်ရပ်ဖြစ်သော ပညာရေးကဏ္ဍတွင် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များ အဆင့်မြှင့်ခြင်းနှင့် အသစ်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ ဖြန့်ကြက်ပေါ်ထွန်းနေပြီဖြစ်သည်။ သင်ယူမှုအခွင့်အလမ်းများ တိုးတက်လာခြင်း၊ ပညာရည်မြင့်မားလာခြင်း၊ ဘာသာရပ်များ ရွေးချယ်သင်ယူနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းဟူသော အကျိုးရလဒ်ကောင်းများကို ရရှိနေပြီဖြစ်သည်။ ယခုအခါ အခြေခံပညာကျောင်းပေါင်း ၄၀၅၂၅ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယခင်က မရှိသေးသော မူလတန်းလွန်ကျောင်းပေါင်း ၅၅၄၅ ကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ ကျောင်းရှိလာပြီဖြစ်သည်။ ဘာသာရပ်အသီးသီးတွင် ပါရဂူသင်တန်း အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ကာ ပါရဂူဘွဲ့ရပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့သည်။ ပညာသင်ယူမှုအခွင့်အလမ်း တိုးတက်လာသည့်အတွက် စာတတ်မြောက်မှုနှုန်းသည် ၉၄ ရာခိုင်နှုန်းအထိ မြင့်မားလာသကဲ့သို့ ဘွဲ့လွန်ပညာရှင်များနှင့် ဘွဲ့ရပညာတတ်များကိုလည်း အမြောက်အမြား မွေးထုတ်ပေးနိုင်ခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက်ဆေးရုံများ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆေးရုံများအဆင့်မြှင့်ခြင်း၊ ခေတ်မီကိရိယာများ တိုးချဲ့တပ်ဆင်ခြင်း၊ ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်များ ဖွင့်လှစ်ကာ ဆေးပညာရှင် အမြောက်အမြား မွေးထုတ်ပေးခြင်း၊ ကျန်းမာရေးကျွမ်းကျင်မှုနှင့်ဆေးပညာသင်ကြားမှုများ တိုးချဲ့ဆောင်ရွက်ခြင်း၊ တိုင်းရင်းဆေးပညာတိုးတက်ရေးအတွက် တိုင်းရင်းဆေးတက္ကသိုလ်နှင့် တိုင်းရင်းဆေးရုံများ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍတွင် နိုင်ငံတော်လူဦးရေ၏ရာခိုင်နှုန်း ၇၀ကျော်ဖြစ်သော ကျေးလက်ဒေသပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် လုပ်ငန်းစဉ်များချမှတ်ကာ ကျေးလက်စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ခိုင်မာသော အမျိုးသားရေးအင်အားစုကြီးအဖြစ် ဖွဲ့စည်းထားပြီး မျိုးဆက်သစ်လူငယ်များကို စည်းရုံးလေ့ကျင့်ပေးလျက်ရှိပေသည်။

ယနေ့ ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးကိုအရှိန်အဟုန်ဖြင့် လွှမ်းမိုးလျက်ရှိသော သတင်းအချက်အလက် ဆက်သွယ်ရေးစနစ် ထွန်းကားမှုများကို မျက်ခြည်မပြတ်ရင်ဆိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် သတင်းအချက်အလက် ဆက်သွယ်ရေးစနစ်တွင် နည်းပညာသစ်များကိုအသုံးပြုလျက်ရှိသည်။ ကမ္ဘာ့ဆက်သွယ်ရေးစနစ်ကွန်ရက်တွင် လိုက်လျောညီထွေ ချိတ်ဆက်ထားနိုင်ပြီဖြစ်သည့်အလျောက် ယင်းဆောင်ရွက်ချက်များ စဉ်တိုက်တိုးတက်နေစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို အစဉ်တစိုက်ကျင့်သုံးလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အခြေခံကာ ကမ္ဘာ့နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးကို အစဉ်ရှေးရှုလျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးစွာဆက်ဆံလျက်ရှိသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးအတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းဖြစ်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို နိုင်ငံတော်ကချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိပေသည်။ ထိုမူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ရွက်ကာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရန် လိုအပ်ပေသည်။

ကျွန်ုပ်တို့သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး မလွဲမသွေ ပေါ်ပေါက်လာစေရမည်ဟူသော ခိုင်ကျည်တည်မြဲသည့် သန္နိဋ္ဌာန်ဖြင့်–

(၁) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး

ဟူသော ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်ကို ချမှတ်ထားပေသည်။

သို့ဖြစ်ပေရာ ဤအမျိုးသားရေး ဦးတည်ချက်(၄)ရပ်ကို ကျွန်ုပ်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အရင်းတည်လျက် ညီညွတ်သည့်အင်အား၊ မြင့်မားသည့် စွမ်းဆောင်ချက်တို့ဖြင့် တက်ကြွနိုးကြားစွာ အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

စာပေဒါန လှူဒါန်းပွဲ

ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဖွင့်လှစ်လျက်ရှိသည့် နိုင်ငံအဝန်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာပေဒါန လှူဒါန်းပွဲကို ၇-၁-၂၀၀၆ ရက်နေ့နံနက် ၀၉း၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

စာအုပ်နှင့်စာပေဒါန ငွေပဒေသာပင်လှူဒါန်းလိုသော စေတနာရှင် အလှူရှင်ပုဂ္ဂိုလ်များသည် အောက်ပါလိပ်စာအတိုင်း ကြိုတင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၂၄၅၆၁၅၊ ၃၇၁၃၃၉၊ ၃၇၁၃၄၁၊ ၂၅၄၂၇၀။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	မြန်မာ့ဂုဏ်ကို ဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	အာဟာရနှင့်ကျန်းမာရေး (ကျောက်ဘီလူး တင်မောင်ဆွေနှင့် တွေ့ဆုံခြင်း)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၅	မြန်မာစာ၊ မြန်မာစကား(၂)
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ဆန်စက်ဖွံ့ဖြိုးတို့ပြည်အကျိုး
၈း၅၀	ဗွီစီဒီမိတ်ဆက် (ချစ်လား) (ဆုန်သင်းပါရ်-အချစ်စုံတွဲတေးသီချင်းများ)
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
၉း၃၀	မိုးလေဝသခန့်မှန်းချက်
၉း၃၅	တို့ခြံထဲမှာ ခုတော့ဖြင့် ပျော်စရာ (ရဲအောင်၊ ကိုကိုလင်းမောင်၊ မေသန်းနု၊ ယမင်းကိုကို)
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	Myanmar Video Rhythm
၁၁း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	KND 5B ဒီဇယ်အင်ဂျင်
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

၂း၂၅	Man: City - Tottenham
လိုင်း	5-Sports (Live)

အင်ဒိုနီးရှားတွင် ငြိမ်းချမ်းရေးသဘောတူညီချက်အရ အာချေးပြည်နယ်မှ တပ်ဖွဲ့ဝင်များ အပြီးသတ် ရုပ်သိမ်း

ဂျကာတာ ဇန်နဝါရီ ၂

အင်ဒိုနီးရှားအစိုးရသည် အာချေးပြည်နယ်ရှိ ဒေသခံမဟုတ်သော အစိုးရတပ်ဖွဲ့ဝင်များအားလုံးကို ကြာသပတေးနေ့တွင် အပြီးသတ်ရုပ်သိမ်းလိုက်ကြောင်း၊ ဩဂုတ် ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သော ငြိမ်းချမ်းရေး သဘောတူညီချက်အရ တပ်ဖွဲ့ရုပ်သိမ်းခြင်းဖြစ်ကြောင်း အာချေးပြည်နယ် စစ်ဘက်ဆိုင်ရာအကြီးအကဲ ဗိုလ်ချုပ် ဆူပိုင်ဒင်အဒီဆာပူထွာက ဆင်ဟွာသတင်းဌာနသို့ သောကြာနေ့က ပြောကြားသည်။

အာချေးပြည်နယ်ရှိ ဒေသခံမဟုတ်သော တပ်ဖွဲ့ဝင် ၅၆၀၀ ကျော်ကို ပြန်လည်ရုပ်သိမ်းပေးလိုက်ရာ စုစုပေါင်း တပ်ဖွဲ့ရုပ်သိမ်းပေးသည့် ဦးရေမှာ ၂၄၀၀၀ အထိ ရှိသွားပြီဖြစ်သည်။

အာချေးပြည်နယ်တွင် ဒေသခံတပ်ရင်းတပ်ဖွဲ့များ၌ တာဝန်ချထားသော တပ်ဖွဲ့ဝင်ဦးရေ ၁၄၇၀၀ ကျော် ဆက်လက်ရှိနေမည် ဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အီရီဆိုတီကိုက ပြောကြားသည်။

အာချေးပြည်နယ်ရှိ တိုက်ခိုက်ရေးဘက်ဆိုင်ရာ တပ်ဖွဲ့များကို အပြီးသတ်ရုပ်သိမ်းပေးသည်မှာ မှန်ကန်ကြောင်း အာချေးလေ့လာစောင့်ကြည့်ရေး မစ်ရှင်က အတည်ပြုပြောကြားသည်။

အင်ဒိုနီးရှား အစိုးရအဖွဲ့နှင့် အာချေး လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့အမည်ရှိ သူပုန်အဖွဲ့တို့၏ ငြိမ်းချမ်းရေး သဘောတူညီချက်အရ ယင်းသူပုန် အဖွဲ့သည် ၂၀၀၅ ခုနှစ် နှစ်ကုန် နောက်ဆုံးထား၍ လက်နက် ၈၄၀ ကို အစိုးရထံ အပ်နှံခဲ့သည်။

အင်ဒိုနီးရှားစစ်တပ်နှင့် ရဲတပ်ဖွဲ့တို့ကလည်း ယင်းပြည်နယ်ရှိ တပ်ဖွဲ့ဝင်များကို လျှော့ချပေးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ဒီဇင်ဘာ ၃၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ဇင်ဘာဘွေတွင် မိုးခေါင်၍ ရိက္ခာရှားပါး ပြောင်းတင်သွင်းမှု အခွန်သက်သာခွင့်ပြု

လူဆာကာ ဇန်နဝါရီ ၂

ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်သည့်အတွက် ပြည်တွင်းရိက္ခာရှားပါးမှု အခက်အခဲကို သက်သာစေရန် ပြည်ပမှ တင်သွင်းလာသောပြောင်းများအပေါ် အခွန်သက်သာခွင့် ပေးထားသောကာလကို နောက်ထပ်သက်တမ်း သုံးလ တိုးမြှင့်ပေးလိုက်သည့်သတင်းကို ဒီဇင်ဘာ ၃၁ ရက်နေ့ထုတ် ဇင်ဘာဘွေ နေ့စဉ်သတင်းစာက ဖော်ပြသည်။

သွင်းကုန်ရိက္ခာပြောင်းများအပေါ် ကောက်ခံနေသော အခွန် ၁၅ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပေးသည့်အမိန့်ကို ၂၀၀၅ ခုနှစ် စက်တင်ဘာကတည်းကစ၍ ကြေညာခဲ့ပြီး ယင်းကြေညာချက်သည် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့သည်။

အတည်ပြု

သွင်းကုန်ခွန် ကင်းလွတ်ကြောင်း သက်တမ်းတိုးသည့်အမိန့်မှာ အတည်ဖြစ်သည်ဆိုသောအချက်ကို ဇင်ဘာဘွေနိုင်ငံ စိုက်ပျိုးရေးနှင့် သမဝါယမ ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်က ဒီဇင်ဘာ ၃၀ ရက်တွင် အတည်ပြုခဲ့သည်။ အဆိုပါအမိန့်ကြောင့် ပြောင်းတင်သွင်းသူများသည် ပြောင်းတန်ချိန် ၁၅၀၀၀၀ ကို တင်သွင်းနိုင်ကြမည်ဖြစ်ကြောင်း ဆမ်မန်ဒီယာက ပြောကြားသည်။ ထိုသို့ တင်သွင်းခြင်းဖြင့် ပြည်တွင်း ပြောင်းဈေးကွက်ကို ထိခိုက်စေမည်မဟုတ်ဟုဆိုသည်။ မိုးခေါင်သည့်ပြဿနာကို အာဖရိကတောင်ပိုင်း မာလာဝီနိုင်ငံတွင်လည်း ကြုံရကြောင်းသိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ်တွင် နှစ်စဉ်ကျင်းပသည့် ဆောင်းရာသီ ငါးဖမ်းပြိုင်ပွဲ၌ ပြည်သူများပါဝင်ဆင်နွှဲနေသည်ကို ဒီဇင်ဘာ ၃၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြို့တော်ပေကျင်းရှိ အစိုးရရုံးဌာနများတွင် စွမ်းအင်ချွေတာရေးအစီအစဉ်များ ဆောင်ရွက်မည်

ပေကျင်း ဇန်နဝါရီ ၂

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ ဒေသန္တရအစိုးရအဖွဲ့အောက်ရှိ ဌာန ၁၀ ခုသည် ၂၀၀၆ ခုနှစ်တွင် စွမ်းအင်သုံးစွဲမှု ၂၀ ရာခိုင်နှုန်းလျှော့ချရန် ကတိပြုထားကြကြောင်း မြို့တော်ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်မှ တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

အစိုးရရုံးဌာနများတွင် စွမ်းအင်ချွေတာရေးပြုလုပ်နိုင်ရန် ယခုနှစ်တွင် စွမ်းအင် စီမံခန့်ခွဲရေးကုမ္ပဏီများကို ငှားရမ်း၍ လုပ်ဆောင်စေမည်ဖြစ်ကြောင်း အဆိုပါကော်မရှင်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ချိုင်းနားဒေလီ သတင်းစာက ရေးသားဖော်ပြသည်။

စွမ်းအင်ချွေတာမှုပြုလုပ်မည့် အစိုးရဌာန ၁၀ ခုတွင် ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်ရုံး၊ ခရီးသွားလုပ်ငန်းဗျူရိုရုံး၊ ပြည်သူ့လုံခြုံရေးဗျူရိုရုံးနှင့် ကယ်အိုယန်း ခရိုင်အစိုးရအဖွဲ့ရုံးတို့ ပါဝင်သည်။

ပိုမိုများပြား

မြို့တော်ပေကျင်း ဒေသန္တရအစိုးရအဖွဲ့အောက်ရှိ ရုံးဌာနများ၏ တစ်ဦးကျ စွမ်းအင်သုံးစွဲမှုပမာဏမှာ ၂၀၀၄ ခုနှစ်တွင် ကျောက်မီးသွေး တန်ချိန် ၁ ဒသမ ၄၅ တန်ရှိကြောင်း၊ ယင်းမှာ မြို့တော်ပေကျင်း၏ တစ်ဦးကျ စွမ်းအင်သုံးစွဲမှုနှုန်းထက် ၃ ဒသမ ၂ ဆ ပိုမိုများပြားကြောင်း သတင်းစာတွင် ဖော်ပြသည်။

ချွေတာနိုင်

အစိုးရဌာနများသည် စွမ်းအင်ကို ထိထိရောက်ရောက် အသုံးပြုနိုင်မည့် ကိရိယာများ တပ်ဆင်အသုံးပြုရန် ပျက်ကွက်ခြင်း၊ စွမ်းအင်ချွေတာရန် အသိစိတ်ဓာတ်နည်းပါးခြင်း စသည့် အချက်များကို တွေ့ရှိရကြောင်း၊ စွမ်းအင်ကို ထိထိရောက်ရောက် သုံးစွဲနိုင်သော စနစ်များ တပ်ဆင်ခြင်းဖြင့် အစိုးရဌာနများသည် တစ်နှစ်လျှင် ယွမ်ခြောက်သန်း (အမေရိကန်ဒေါ်လာ ၇၄၀၀၀၀) ချွေတာနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗီယက်နမ်၌ တီဘီရောဂါကုသမှု ၉၃ ရာခိုင်နှုန်း အောင်မြင်လျက်ရှိ

ဟနွိုင်း ဇန်နဝါရီ ၂

ဗီယက်နမ်နိုင်ငံ၌ မကြာသေးမီနှစ်များအတွင်းက တစ်နှစ်လျှင် တီဘီရောဂါသည် ၂၃၂၀၀၀ နီးပါးရှိခဲ့ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ပိုမိုမြင့်တက်

ယခုအခါ ဗီယက်နမ်နိုင်ငံ၌ တီဘီရောဂါကုသရာတွင် အောင်မြင်သည့်နှုန်းမှာ ၉၃ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းနှုန်းထားမှာ ကမ္ဘာ့ပျမ်းမျှနှုန်းဖြစ်သော ၈၃ ရာခိုင်နှုန်းထက် လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ခံတင်ပြထားသည့် စံနှုန်းဖြစ်သော ၈၅ ရာခိုင်နှုန်းထက်လည်းကောင်း ပိုမိုမြင့်မားလျက်ရှိကြောင်း မြို့တော်ဟနွိုင်းရှိ တီဘီနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကုဆေးရုံမှ ညွှန်ကြားရေးမှူး ဒင်ငိုဆိုင်က ပြောကြားသည်။

တိုက်တွန်း

တီဘီရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန်အတွက် ဗီယက်နမ်နိုင်ငံသည် ကာကွယ်ဆေး ထိုးနှံသည့်လုပ်ငန်းကို အရှိန်မြှင့်တင်ပေးခြင်း၊ ဒေသခံပြည်သူများအား တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ပညာပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော နေပုံထိုင်ပုံ နည်းစနစ်များကို လိုက်နာစေရန် နှိုးဆော်ပေးခြင်း၊ တီဘီရောဂါလက္ခဏာရှိပါကဆရာဝန်များထံ ပြသရန် တိုက်တွန်းခြင်းနှင့် နိုင်ငံတစ်ဝန်းတွင် ရောဂါရှာဖွေ စိစစ်ရေးနှင့် ကုသရေးစနစ်တို့ကို ဖြည့်တင်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရည်မှန်း

လူဦးရေ ၈၃ သန်းကျော်ရှိသည့် ဗီယက်နမ်နိုင်ငံသည် ၂၀၁၅ ခုနှစ်ထက်နောက်မကျဘဲ နှစ်စဉ်တီဘီရောဂါဖြစ်ပွားနှုန်း ထက်ဝက်လျှော့ချရန် ရည်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ခရီးသွားလုပ်ငန်းအစီအစဉ် နီပေါ၌မြှင့်တင်ဆောင်ရွက်

ခတ္တမန္ဒူ ဇန်နဝါရီ ၂

နီပေါနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှု တိုးတက်လျက်ရှိကြောင်း၊ ယင်းမှာ နီပေါနိုင်ငံက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များကို ဆောင်ရွက်နိုင်ခြင်းကြောင့်ဖြစ်ကြောင်းကို ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

နီပေါနိုင်ငံသို့ ၂၀၀၅ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း ကမ္ဘာလှည့်ခရီးသည်များလာရောက်မှုသည် ၂၀၀၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၂ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ သို့ရာတွင် ၂၀၀၅ ခုနှစ် ဧပြီလမှစ၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ရာ ဒုတိယသုံးလပတ်ကာလတွင် ၁၈ ရာခိုင်နှုန်း၊ တတိယသုံးလပတ်ကာလတွင် ၂၄ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာကြောင်း ခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မြို့တော်မနီလာတွင် လုံခြုံရေးတင်းကျပ် ဘူတာရုံများတွင် အထူးတပ်ဖွဲ့ဝင်များစောင့်ကြပ်

မနီလာ ဇန်နဝါရီ ၂

မြို့တော်မနီလာတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်မှုမရှိစေရေးအတွက် ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ဖိလစ်ပိုင်ရဲတပ်ဖွဲ့သည် မြို့တော်ရှိ ဘူတာရုံများတွင် အထူးတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားကြောင်း မြို့တော်မနီလာရေဒီယိုက တနင်္ဂနွေနေ့တွင် ထုတ်ပြန်ကြေညာသည်။

တာဝန်ယူ

ရဲတပ်ဖွဲ့အောက်ရှိ အထူးစစ်ဆင်ရေးလုပ်ငန်းတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး တပ်ဖွဲ့ဝင်များသည် မြို့တော်ရှိဘူတာရုံများတွင် တာဝန်ယူစောင့်ကြပ်လျက်ရှိကြောင်း ရေဒီယိုသတင်းတွင် ဖော်ပြထားသည်။

၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလက ရီဇယ်နေ့ နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားများကျင်းပစဉ် ဗုံးပေါက်ကွဲခဲ့သည့်ဖြစ်ရပ် ငါးနှစ်ပြည့်မြောက်သည့်ကာလတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံပေါ်ပေါက်လာခြင်းမရှိစေရန် ရည်ရွယ်လျက် မြို့တော်တွင် လုံခြုံရေးတင်းကျပ်ထားခြင်းဖြစ်သည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် ၂၂ဦးသေဆုံးပြီး လူ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ယူဆ

လွန်ခဲ့သည့် ငါးနှစ်က ရီဇယ်နေ့ အထိမ်းအမှတ် အခမ်းအနားများကျင်းပချိန်တွင် ဘူတာရုံများ၊ မာကာတီနှင့် ကွီဇုန်စီတီးတို့တွင်လည်း ဗုံးပေါက်ကွဲမှုများ တသီတတန်းဖြစ်ပွားခဲ့သည်။ ယင်းဗုံးပေါက်ကွဲမှုများကို အစွန်းရောက်အုပ်စုတစ်စုက ပြုလုပ်ခဲ့သည်ဟု ရဲတပ်ဖွဲ့နှင့်စစ်တပ် တာဝန်ရှိသူများက ယူဆကြသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အမျိုးသားခေါင်းဆောင်ဟိုဆေးရီဇယ် အားဂုဏ်ပြုသည့် နှစ်ပတ်လည်နေ့တွင် ဗုံးပေါက်ကွဲမှုများ မဖြစ်ပွားစေရန် လုံခြုံရေးတင်းကျပ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများတွင် နိုးကြားတက်ကြွစွာပါဝင် အောင်မြင်ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မပျက်မြှင့်တင်

ရန်ကုန် ဇန်နဝါရီ ၃

မင်းတိုင်ပင်ကျေးရွာသည် မုံရွာခရိုင် ပုလဲမြို့နယ်အတွင်းမှ ရွာတစ်ရွာဖြစ်ပြီး ၁၉၈၈ခုနှစ် တစ်ဝိုက်က ကျေးရွာအခြေအနေကိုကြည့်ပါက ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသည့် သာမန်ရွာငယ်တစ်ခုသာဖြစ်သည်။ သို့သော်လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်အစိုးရ၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးစီမံဆောင်ရွက်ပေးမှုများကြောင့် စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ယခုအခါတွင်မူ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် အတူတကွပူးပေါင်း၍ ဟန်ချက်ညီစွာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများကြောင့် မင်းတိုင်ပင်ကျေးရွာသည် ကျေးရွာအဆင့်မက မြို့ငယ်လေးတစ်မြို့ပမာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်သည်။

ထိုဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုအားပေးရန်နှင့် လိုအပ်သည်များ ထပ်မံပံ့ပိုးရန် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် ဒီဇင်ဘာ ၃၁ရက်တွင် မင်းတိုင်ပင် စံပြကျေးရွာသို့ သွားရောက်ခဲ့ကြသည်။

ရှေးဦးစွာ မင်းတိုင်ပင် စံပြကျေးရွာအဝင်၌ စိုက်ပျိုးမည့် ခံ့စည်းရိုး ကြက်ဆူရိုင်းစိုက်ပွဲသို့ သွားရောက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင် ဦးဆောင်သော လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများက ခံ့စည်းရိုး ကြက်ဆူရိုင်းပင်များကို ပါဝင်စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် မင်းတိုင်ပင် စံပြကျေးရွာ ကျေးလက်ခန်းမ ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။ ကျေးလက်ခန်းမကို ပြန်ကြားရေးစာကြည့်တိုက်နှင့် တွဲဖက်ဆောက်လုပ်ထားခြင်းဖြစ်ပြီး ကျေးလက်ဆွေးနွေးပွဲများ၊ အစည်းအဝေးများ ပြုလုပ်ရာတွင် လည်းကောင်း၊ ရုပ်မြင်သံကြားပြသဆောင်နှင့် စာကြည့်ဆောင် အဖြစ်လည်းကောင်း ဆက်လက်အသုံးပြုသွားမည်ဟုသိရသည်။ ယင်းကျေးလက်ခန်းမကို မင်းတိုင်ပင် စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသောင်းနိုင်နှင့် မင်းတိုင်ပင် စံပြကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဇော်မင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်အေးက မင်းတိုင်ပင် စံပြကျေးရွာနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းသို့ ရှင်းလင်းတင်ပြရာတွင် မင်းတိုင်ပင်စံပြကျေးရွာသည် ပုလဲမြို့၏ အနောက်ဘက် ရှစ်မိုင်ခန့်အကွာ၌ တည်ရှိပြီး ပုလဲ-ဂန့်ဂေါ ကားလမ်းမဘေးတွင် ရှိပါကြောင်း၊ အကျယ်အဝန်းမှာ ၂ ဒသမ ၃၂ မိုင်ရှိပြီး မြေဧက ၇၂၂ ဧကရှိပါကြောင်း၊ ဈေးတန်းအိမ်များ အပါအဝင် အိမ်ခြေပေါင်း ၅၅၄ အိမ်ရှိပြီး အိမ်ထောင်စု ၅၂၂ စုနှင့် လူဦးရေ စုစုပေါင်း ကျား၊ မ ၁၇၄၆ဦး ရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်ပြီး သီးနှံမျိုးစုံကို စိုက်ပျိုး ဖြစ်ထွန်းမှုများကြောင့် ငွေကြေး ချောင်လည်သူ များပြားပါကြောင်း။

အသက် မွေးဝမ်းကျောင်းမှုတွင် တောင်သူ ၁၂၈ဦး၊ မွေးမြူရေးလုပ်ငန်းရှင် ၁၀ ဦး၊ ဈေးသည် ၂၆၄ ဦး၊ ဝန်ထမ်း ၂၇ ဦး၊ ပင်စင်စား ၂၀ ဦး၊ စက်မှုလက်မှုလုပ်ငန်းရှင် ၃၅ ဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၇၀ ဦးရှိပါကြောင်း၊ မီးဘေးကာကွယ်ရေးအဖွဲ့ဝင်များ၊ စွမ်းအားရှင်အဖွဲ့ဝင်များနှင့် လုံခြုံရေး၊ မီးဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပြည်သူတို့ ပူးပေါင်း၍ ဟန်ချက်ညီညီ ကြိုးပမ်း ဆောင်ရွက်မှုကြောင့် ယခုအခါ အရှိန်အဟုန်ကောင်းများရရှိကာ စံပြကျေးရွာအဆင့်သို့ပင်ရောက်ရှိပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်အတွက် ကျေးရွာမှ မြို့ဆက်သွယ်လမ်း ရှစ်မိုင်၊ ကျေးရွာချင်းဆက်လမ်း ၁၈မိုင်တို့ကို မြေသားလမ်းများ၊ ကတ္တရာလမ်းများအဖြစ် စုပေါင်းအင်အားဖြင့် ဖောက်လုပ်ခဲ့ပါကြောင်း။

လမ်းပန်းဆက်သွယ်မှုများကောင်းမွန်လာမှုကြောင့် မင်းတိုင်ပင် စံပြကျေးရွာတွင် သီးနှံများရောင်းဝယ်မှု၊ သယ်ယူပို့ဆောင်မှုများ တိုးတက်ကောင်းမွန်လာခဲ့ပါကြောင်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းအဖြစ် ကျေးရွာသားပိုင် မှန်လုံကားတစ်စီးဖြင့် မုံရွာသို့ ပြေးဆွဲနေပါကြောင်း၊ ထို့အပြင် ဒိုင်နာ ငါးစီး၊ ရိန်းဂျား သုံးစီး၊ ကုန်တင်ကား ၁၆စီး၊ စက်ဘီး ၄၇၂ စီး၊ မော်တော်ဆိုင်ကယ် ၇၈စီး၊ ဆိုင်ကယ်ပြင်ဆိုင် ငါးဆိုင်၊ လှည်း ၄၈ စီး၊ ထော်လာဂျီ နှစ်စီးတို့ဖြင့် စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ သွားလာရေးတို့ကို ဆောင်ရွက်နေပါကြောင်း၊ တီဗီအလုံး ၅၀၊ စလောင်း ငါးခုရှိကာ ဖျော်ဖြေမှု ပညာဗဟုသုတရှာမှီးမှုတို့ကို ပြုလုပ်နေကြပါကြောင်း။

ထို့ပြင် ကိုယ်ပိုင်တယ်လီဖုန်း ခုနစ်လုံး၊ ဆေးဆိုင်ခန်း ၈၇ ခန်း၊ အိမ်ဆိုင် ၁၇၇ ဆိုင်၊ ဆန်စက်ငါးလုံး၊ ဆီစက် ၁၂ လုံး၊ အမှုန့်ကြိတ်စက် တစ်လုံး၊ မော်တော်ကားဝပ်ရှော့ နှစ်ခု၊ တွင်ခုံ နှစ်ခု၊ ကားဘော်ဒီလုပ်ငန်း တစ်ခုတို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ပုလဲရတနာကင်းဝန် ဂျစ်ကားကိုလည်း မင်းတိုင်ပင် စံပြကျေးရွာမှာပင် ထုတ်လုပ်နိုင်သည် အထိ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း။

မင်းတိုင်ပင်အထက်တန်းကျောင်း၌ e-Library၊ Edeucation Learning Centerနှင့် သင်ထောက်ကူပစ္စည်းများ စုံစုံလင်လင်ဖြင့် ခေတ်မီပညာရေးစနစ်ကို အကောင်အထည်ဖော် သင်ကြားပေးနိုင်ခဲ့ပြီး ကျောင်းဆောင်သစ်များကိုလည်း တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပါကြောင်း၊ သို့ပါ၍ ၁၀ တန်းတွင် ငါးဘာသာဂုဏ်ထူးရှင်အထိ ပေါ်ထွက်ခဲ့ပြီး ယခုအခါ မဟာဘွဲ့ရ သုံးဦး၊ ဒီဂရီဘွဲ့ရ ၁၆၀ ဦး၊ ဒီပလိုမာလက်မှတ်ရ သုံးဦး၊ အထက်တန်းပညာတတ် ၃၁၃ဦး၊ အလယ်တန်းပညာတတ် ၁၈၂ဦး၊ မူလတန်းပညာတတ် ၇၃၆ဦး၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းရောက်ရှိမှု ၁၀၀ရာခိုင်နှုန်းနှင့် စာတတ်မြောက်မှုမှာလည်း ၁၀၀ရာခိုင်နှုန်းအထိ ပညာရေးမြင့်မားလျက်ရှိပါကြောင်း။

မင်းတိုင်ပင်စံပြကျေးရွာ၌ လယ် ၃၀၇ဧက၊ ယာ ၄၁၅ဧကရှိပြီး စပါး၊ ဆီထွက်သီးနှံနေကြာနှင့် နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ ကုလားပဲနှင့် ပဲမျိုးစုံများ၊ ဂျုံနှင့် ဝါ၊ စားဖိုဆောင် သီးနှံများ၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ကြပါကြောင်း၊ ဆန်ဖူလုံမှု ၅၁ဒသမ ၉၂ရာခိုင်နှုန်း၊ ဆီဖူလုံမှု ၁၁၇ ဒသမ ၂၉ရာခိုင်နှုန်း ရရှိနေပါကြောင်း။

သောက်သုံးရေရရှိမှုမှာ လေးလက်မ အဝီစိတွင်း တစ်တွင်း၊ နှစ်လက်မ အဝီစိတွင်း တစ်တွင်း၊ ရိုးရိုးရေတွင်း ၁၀တွင်းနှင့် ရေကန်တစ်ကန်တို့ရှိပြီး ကင်းဝန်ရေပေးဝေရေး သမဝါယမ အသင်းကို ဖွဲ့စည်းကာ ကျေးရွာတစ်ခုလုံးကို ပိုက်လိုင်းများဖြင့် ရေပေးဝေလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် ကန်ခြောက်ကန်ရှိပြီး သစ်တောစိုက်ခင်းနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း တစ်ခုရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ကာ ယင်လုံအိမ်သာစီမံကိန်းအတွက် ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးခြင်း လွှမ်းခြုံမှုမှာ ရာနှုန်းပြည့်ရှိပါကြောင်း။

လျှပ်စစ်စွမ်းအားနှင့် ပတ်သက်၍ မဟာဓာတ်အားလိုင်းမှရရှိမှုနှင့် ဒီဇယ်သုံး လျှပ်စစ်ဓာတ်အား သုံးစွဲမှုတို့ဖြင့် လျှပ်စစ်မီးကို စနစ်တကျ သုံးစွဲလျက်ရှိပါကြောင်း၊ လျှပ်စစ်မီးရရှိသည့်အတွက် ယခင်ကကဲ့သို့ ရေအခက်အခဲဖြစ်မှုမရှိတော့ဘဲ ကျေးလက်ပြည်သူများ စိတ်အနှောင့်အယှက်ကင်းစွာဖြင့် နေထိုင်နိုင်ခဲ့ပါကြောင်း။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စာကြည့်တိုက်တို့ကြောင့် ကျေးလက်ပြည်သူများ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်မျိုးစုံတို့ကို ဖတ်ရှုနိုင်ပြီး အသိအမြင်ဗဟုသုတများ ကျယ်ပြန့်လာခဲ့ပြီဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှုများကြောင့် မိမိတို့ မင်းတိုင်ပင် စံပြကျေးရွာသည် ယခင်အခြေအနေများနှင့် မတူဘဲ အဆပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်လာမှုများအတွက် နိုင်ငံတော်အကြီးအကဲနှင့် အစိုးရကို အထူးကျေးဇူးတင်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်းကို ရွာသူရွာသားအားလုံးက ကတိပြုပါကြောင်းဖြင့် ရှင်းလင်းတင်ပြသွားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ထားသော စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုကြပြီး တိုင်းမှူးနှင့် ဝန်ကြီးများက စာအုပ်၊ စာတမ်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးများ မင်းတိုင်ပင် စံပြကျေးရွာ ခံ့စည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲတွင် ပါဝင်စိုက်ပျိုးကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ မင်းတိုင်ပင် စံပြကျေးရွာ အော်တိုအိတ်ချိန်းတယ်လီဖုန်းဖွင့်ပွဲကို တိုင်းမှူးနှင့် ဝန်ကြီးများ တက်ရောက်ကြပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စစ်ကိုင်းတိုင်းမန်နေဂျာ ဦးခင်မောင်ဝင်းနှင့် ကျေးရွာ ကော်မတီဝင် ဦးကျော်တင့်တို့က တယ်လီဖုန်းရုံးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အော်တိုအိတ်ချိန်း တယ်လီဖုန်းရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် အော်တိုအိတ်ချိန်း တယ်လီဖုန်းရုံးကို ကြည့်ရှုစစ်ဆေးကြပြီး တယ်လီဖုန်း ဆက်သွယ်ပြောဆိုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် အမျိုးသမီးဝင်ငွေတိုးလုပ်ငန်းများဖြစ်သည့် ဖယောင်းတိုင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပဲလှော်လုပ်ငန်း၊ အိုးလုပ်ငန်းနှင့် တောင်းရက်လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကင်းဝန်မင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သည့် ရှေးဟောင်းဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ မင်းတိုင်ပင် စံပြကျေးရွာ ကျေးလက်ဆေးပေးခန်းသို့ တိုင်းမှူးနှင့် ဝန်ကြီးများ ရောက်ရှိကြပြီး မုံရွာမြို့မှ အထူးကုဆရာဝန်ကြီးများ၏ ကွင်းဆင်းကုသမှုတို့ကို ကြည့်ရှုလေ့လာ၍ လူနာများအား အားပေးစကား ပြောကြားကြသည်။ မင်းတိုင်ပင် စံပြကျေးရွာ ကျေးလက်ဆေးပေးခန်း၌ အထွေထွေရောဂါကု ဆရာဝန်ကြီးများ၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးများနှင့် ခွဲစိတ်ကုဆရာဝန်ကြီးများက ကျေးလက်ပြည်သူ ၃၀၀ ကျော်အား

စာမျက်နှာ ၇ ကော်လံ ၃ သို့ ❐

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ချင်ပြစ်ကျေးရွာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင် ဦးဆောင်သော ကျေးလက်စကားဝိုင်း ဆွေးနွေးပွဲကို မင်းတိုင်ပင် အထက်တန်းကျောင်းရှိ ကင်းဝန်ခန်းမ၌ပြုလုပ်စဉ်။ (သတင်းစဉ်)

✳ အမျိုးသားညီလာခံမှ

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီခွဲမှ စတင်၍ အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဒေါက်တာပိုက်တင်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစံသာအောင်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမန်းအုံးမောင်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစိုင်းတင့်အောင်၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်မျိုးဝင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှမြင့်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှတင်နှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်ကဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာအခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၀ဦးရှိပြီး ၁၀၇၁ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၁၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြရာတွင် ရှေးဦးစွာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ရွေးချယ်ခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ယင်းပါတီမှ ရွေးချယ်ခံကိုယ်စားလှယ်ဖြစ်သော ပဲခူးတိုင်း ပြည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမောင်အုံးက မိမိယခုဖတ်ကြားတင်ပြမည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်များ၏ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် ဆွေးနွေး အကြံပြုချက်သည် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂ရက်နေ့တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီ အစည်းအဝေး၌ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ကိုယ်စားလှယ်က ဖတ်ကြားတင်ပြခဲ့သည့် ပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် ထပ်တူထပ်မျှ တူညီသည့်အလျောက် အချိန်ကိုလေးစားသောအားဖြင့် ထပ်မံဖတ်ကြားတင်ပြခြင်း မပြုတော့ဘဲ မိမိတို့ပါတီမှ ရွေးချယ်ခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်ကို သဘာပတိကြီးထံ ပေးအပ်တင်ပြပါကြောင်းဖြင့် ပြောကြားပြီး အဆိုပါ ဆွေးနွေးအကြံပြုချက် စာတမ်းကို သဘာပတိကြီးထံ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအဖွဲ့မှ ဦးမောင်ပိန်(ခေါ်) ဦးခင်မောင်သိန်းက မိမိယခုဖတ်ကြားတင်ပြမည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များ၏ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် ဆွေးနွေးအကြံပြုချက်ကို ယင်းအဖွဲ့မှ ရွေးချယ်ခံကိုယ်စားလှယ်ဖြစ်သော ရခိုင်ပြည်နယ် ကျောက်တော် မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစံသာအောင်က ဖတ်ကြားတင်ပြရန်ဖြစ်ကြောင်း၊ သို့ရာတွင် ဦးစံသာအောင်သည် သဘာပတိအဖွဲ့ဝင်အဖြစ် ပါဝင်နေပါသဖြင့် ဦးစံသာအောင်ကိုယ်စား မိမိက ဖတ်ကြားတင်ပြရန်ဖြစ်သော်လည်း ယင်းဆွေးနွေးအကြံပြုချက်သည် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂ရက်နေ့တွင်ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီ အစည်းအဝေး၌ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ ကိုယ်စားလှယ်က ဖတ်ကြားတင်ပြခဲ့သည့်အဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် ထပ်တူထပ်မျှ တူညီသည့်အလျောက် အချိန်ကို လေးစားသောအားဖြင့် ထပ်မံဖတ်ကြားတင်ပြခြင်း မပြုတော့ဘဲ မိမိတို့အဖွဲ့မှ ရွေးချယ်ခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်ကို သဘာပတိကြီးထံ ပေးအပ်တင်ပြပါကြောင်းဖြင့် ပြောကြားပြီး အဆိုပါ ဆွေးနွေးအကြံပြုချက် စာတမ်းကို သဘာပတိကြီးထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ ကိုယ်စားလှယ်ခြောက်ဦး စုပေါင်းတင်ပြသည့် ဆွေးနွေး အကြံပြုချက် စာတမ်းကို အပိုင်းလေးပိုင်းခွဲပြီး ဖတ်ကြားတင်ပြကြရာ ဦးစွာ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းက ဖတ်ကြားတင်ပြသည်။

(ဦးကြည်ဝင်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်က ဖတ်ကြား တင်ပြသည်။

(ဦးသိမ်းကြည်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဆက်လက်ဖတ်ကြားတင်ပြကြရာတွင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်ခြောက်ဦး၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်က ဖတ်ကြားတင်ပြသည်။

(ဦးတင်ထွန်းမောင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပနေမှုကို ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီ Professor Mr.Robert H.Taylor **ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

✧ စာမျက်နှာ ၆မှ

ဆက်လက်၍ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်းက ဖတ်ကြားတင်ပြသည်။

(ဦးတင်ဝင်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို နံနက် ၁၁နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဇန်နဝါရီ ၅ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း ပြည်ထောင်စုခန်းမ၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ရန်ကုန်မြို့၌ရောက်ရှိနေသော ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာ သုတေသီ Professor Mr. Robert H. Taylor သည် ယနေ့ နံနက် ၈နာရီတွင် လာရောက်လေ့လာသည်။

ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီအား စုံညီအစည်းအဝေး မစတင်မီ ပြည်ထောင်စုခန်းမ၌ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီဝင်များက ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရလက်ထက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းစာအုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် ပို့ဆောင်ရေးကဏ္ဍတို့၏ ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းစာအုပ်နှင့် ဆောင်းပါးပေါင်းချုပ်စာအုပ်များကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီသည် အမျိုးသားညီလာခံ ကျင်းပနေမှုကို ကြည့်ရှုလေ့လာသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ခေတ္တရပ်နားစဉ် ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီအား အမျိုးသားညီလာခံအစုအဖွဲ့မှ ကိုယ်စားလှယ်များက ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

ယင်းနောက် ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာ သုတေသီအား ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာ၌ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က နံနက်စာ အချိုပွဲများဖြင့် တည်ခင်းဧည့်ခံပြီး ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီသည် ညောင်နှစ်ပင်စခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကာ နံနက် ၁၀နာရီခွဲတွင် ညောင်နှစ်ပင်စခန်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ခေတ္တရပ်နားစဉ် ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီ Professor Mr. Robert H. Taylor **အား အမျိုးသားညီလာခံ အစုအဖွဲ့မှ ကိုယ်စားလှယ်များက ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြစဉ်။**
(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင်ကို စီးပွားဖြစ်စိုက်ပျိုးပါက ဇီဝဒီဇယ်ဆီရရှိနိုင်
ခြံစည်းရိုးကြက်ဆူပင်မှာ အညာဒေသအတွက် ဖြစ်ထွန်းလွယ်သည့် အပင်ဖြစ်

❐ စာမျက်နှာ ၅ မှ

ရောဂါရှာဖွေခြင်း၊ စမ်းသပ်ခြင်း၊ ကုသခြင်းနှင့် အကြံဉာဏ်ပေးခြင်း လုပ်ငန်းများကို တစ်နေကုန်ဆောင်ရွက်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ကင်းဝန်သမဝါယမ ရေပေးဝေခြင်း လုပ်ငန်းနှင့် မင်းတိုင်ပင် အထက်တန်းကျောင်းရှိ သင်ထောက်ကူ စာသင်ခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မင်းတိုင်ပင် အထက်တန်းကျောင်းရှိ ကင်းဝန်ခန်းမ၌ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင် ဦးဆောင်ပြုလုပ်လျက်ရှိသည့် ကျေးလက်စကားဝိုင်း ဆွေးနွေးပွဲများသို့ သွားရောက်ကြည့်ရှုအားပေးကြပြီး ဆောက်လုပ်ပြီးစီးပြီ ဖြစ်သည့် ကျောင်းဆောင်သစ်ကို ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် မင်းတိုင်ပင် အထက်တန်းကျောင်းဝင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူရိုင်းမှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်မှုနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက်များကို ဇီဝဒီဇယ်ဆီဖြင့် လက်တွေ့မောင်းနှင်ပြသပွဲသို့ ကျေးလက်ပြည်သူများနှင့်အတူ သွားရောက်အားပေးကြည့်ရှုကြပြီး တိုင်းမှူးနှင့် ဝန်ကြီးများက စက်သုံးဆီ အစားထိုး ဇီဝဒီဇယ်ဆီ ရရှိသည့် ခြံစည်းရိုးကြက်ဆူရိုင်းများကို တိုးချဲ့စိုက်ပျိုးကြရန် တိုက်တွန်းမှာကြားကြသည်။

ထို့နောက် ကျောင်းဝင်းအတွင်း ယာယီမဏ္ဍပ်၌ပြုလုပ်သော မင်းတိုင်ပင် စံပြကျေးရွာမှ ပြည်သူများနှင့် တွေ့ဆုံပွဲသို့ တိုင်းမှူး၊ ဝန်ကြီးများနှင့် ကျေးလက်ပြည်သူ ၃၀၀၀ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မင်းတိုင်ပင် စံပြကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဇော်မင်းနှင့် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လေးငယ်ငယ်ထွန်းတို့က မင်းတိုင်ပင်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ယခင်က မင်းတိုင်ပင်ကျေးရွာနှင့် ယခု မင်းတိုင်ပင်ကျေးရွာ သိသိသာသာကြီး ကွာခြားမှုကို မြင်တွေ့နိုင်ကြောင်း၊ တိုင်းမှူးတစ်ယောက်အနေဖြင့် များစွာ ဝမ်းသာကြည်နူးမှု စိတ်ချမ်းမြေ့သော ပီတိခံစားရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြ ကျေးလက် နယ်စပ်ဒေသပါမကျန် တောင်ပေါ် မြေပြန့်အားလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေကြောင်း၊ တိုတောင်းလှသည့် ဆယ်စုနှစ်ကျော် ကာလအတွင်း၌ မြို့ကြီးပြကြီးများကို ကနဦးအဆင့် ဖွံ့ဖြိုးရန်မြှင့်တင်ပေးခဲ့ကြောင်း၊ ထို့နောက် မြန်မာနိုင်ငံရှိ လူဦးရေ၏ ၇၀ရာခိုင်နှုန်း မှီတင်းနေထိုင်ကြသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြှင့်တင်ပေးလျက်ရှိကြောင်း။

ထို့ပြင် စိုက်ပျိုးရေးတွင် အဓိကကျသည့် စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်များ၊ ကန်များကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယင်းသို့ တည်ဆောက်ပေးခြင်းမှာ မိုးရေကိုသာ မျှော်ကိုးကြရသည့် တောင်သူလယ်သမားများ၏ဘဝကို မြှင့်တင်ပေးလို၍ ဖြစ်ကြောင်း၊ ယခုအခါ စစ်ကိုင်းတိုင်း အပါအဝင် ပြည်နယ်နှင့် တိုင်းအနှံ့က ဆည်မြောင်း၊ ကန်၊ ချောင်းများကြောင့် ကိုယ့်မိုး၊ ကိုယ်ရေ၊ ကိုယ်မျိုးနှင့် စိတ်တိုင်းကျ စိုက်ပျိုးနိုင်ကြပြီဖြစ်ကြောင်း၊ နောက်ထပ်လည်းဆည်များ၊ ကန်များကို တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း၊ ဤသည်မှာ နိုင်ငံတော် အကြီးအကဲ၏ တောင်သူလယ်သမားများအပေါ်ထားရှိသည့် ကြီးမားသော စေတနာဖြစ်ကြောင်း။

ယခုအခါ ကျေးလက်ဒေသနှင့် ကိုက်ညီသည့် ခြံစည်းရိုးကြက်ဆူပင်ကို စီးပွားဖြစ် စိုက်ပျိုးပါက ဇီဝဒီဇယ်ဆီ ရရှိနိုင်သည့် နည်းစနစ်ပေါ်ထွန်းနေပြီ ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်မှာ အညာဒေသအတွက် ဖြစ်ထွန်းလွယ်သည့် အပင်ဖြစ်ကြောင်း၊ အစေ့ချ စိုက်ပျိုးခြင်း၊ ကိုင်းချစိုက်ပျိုးခြင်းတို့ကို မြေနေရာမရွေး အလွယ်တကူစိုက်ပျိုးနိုင်ကြောင်း၊ တစ်ဧက အပင်၁၂၀၀ စိုက်ပျိုးပါက အနည်းဆုံး ငွေကျပ် ၁၃၀၀၀၀ ဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း၊ သို့ပါ၍ တိုးချဲ့စိုက်ပျိုးကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်နှင့် ပြည်သူတို့၏ ရည်မှန်းချက်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်အောင်ဆိုပါက တည်ငြိမ်မှု၊ အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု၊ နိုင်ငံတော်နှင့် ပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏ အသိ၊ အတတ်ပညာနှင့် ဗဟုသုတမြင့်မားမှုတို့ အဓိကလိုအပ်ကြောင်း၊ သို့ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ထိုသုံးချက်အောင်မြင်အောင် ညမအိပ်နေ့မနား အစွမ်းကုန် ကြိုးပမ်းတည်ဆောက်ပေးလျက် ရှိကြောင်း၊ သို့အတွက် တိုင်းပြည်နှင့်ပြည်သူတို့၏ဘဝမှာ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူများ လက်တွေ့ခံစားနေကြရပြီ ဖြစ်ကြောင်း၊ ဤအရှိန်အဟုန်အတိုင်းဆက်လက်တည်ဆောက်သွားပါက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် အချိန်တိုအတွင်းရောက်ရှိနိုင်တော့မှာဖြစ်ကြောင်း။

ယခုကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်နေသကဲ့သို့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက်လည်း မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယခုအခါ ပထမအဆင့်ဖြစ်သည့် အမျိုးသား ညီလာခံကျင်းပပြီး အခြေခံမူနှင့် အသေးစိတ်အခြေခံမူများကို ဆွေးနွေးညှိနှိုင်း ချမှတ်လျက်ရှိရာ ၇၀ရာခိုင်နှုန်းကျော် ပြီးမြောက်ပြီဟု ဆိုနိုင်ကြောင်း၊ ဤသို့ တည်ဆောက်မှုသုံးရပ်နှင့် ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဟန်ချက်ညီညီ ကြိုးပမ်းတည်ဆောက်နေရာတွင် ပြည်တွင်း ပြည်ပ အဖျက်သမားများက အဘက်ဘက်မှ ဆန့်ကျင်နှောင့်ယှက် တိုက်ခိုက်လျက်ရှိကြောင်း။

သို့ပါ၍ ပြည်သူတစ်ရပ်လုံးအနေဖြင့် ပြည်တွင်း ပြည်ပ အဖျက်အမှောင့်သမားများ၏ ဆန့်ကျင်နှောင့်ယှက် တိုက်ခိုက်မှုများကို ကာကွယ်တားဆီးချေမှုန်းပြီး တည်ဆောက်မှုသုံးရပ်နှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းများ အောင်မြင်ရေး နိုင်ငံတော်အစိုးရနှင့် အတူ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ယနေ့ အခါအမျိုးသားညီလာခံက ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေး လိုအပ်သော အသေးစိတ်အခြေခံမူများ ရရှိအောင် ညှိနှိုင်းဆွေးနွေးဖော် ထုတ်လျက်ရှိကြောင်း။

ထိုသို့ဖော်ထုတ်ရာတွင်–

၁။ ဒို့တာဝန်အရေးသုံးပါးကို အာမခံနိုင်မှုအပေါ်အခြေခံ၍ ဆွေးနွေးဖော်ထုတ်လျက်ရှိကြောင်း၊

၂။ အတိတ်သမိုင်းက တွေ့ကြုံခံစားခဲ့ရသည့် ခါးသီးသော အတွေ့အကြုံများ ထပ်မံဖြစ်ပေါ်ခံစားရခြင်းမရှိအောင်ဆိုသည့် အခြေခံပေါ်တွင် အခြေခံဆွေးနွေးဖော်ထုတ်ကြောင်း၊

၃။ လက်ရှိ ပကတိ အရှိတရားများ အပေါ်အခြေခံ၍ ဆွေးနွေးဖော်ထုတ်ကြောင်း။

ယင်းအခြေခံသုံးရပ်အပေါ် အခြေခံပြီး တိုင်းရင်းသားပြည်သူများအတွင်း အမျှတဆုံးဖြစ်အောင်၊ အကောင်းဆုံးဖြစ်အောင်၊ ချို့ယွင်းချက်၊ အားနည်းချက် အနည်းဆုံးဖြစ်အောင် ညှိနှိုင်းဆွေးနွေး ဖော်ဆောင်လျက်ရှိသည့်အတွက် ရရှိလာသည့်အခြေခံမူနှင့် အသေးစိတ်အခြေခံမူများသည် နိုင်ငံနှင့်လူမျိုးအတွက် အကောင်းဆုံးဖြစ်ကြောင်း၊ ယခုထက်ကောင်းတာ မရှိနိုင်ကြောင်း၊ သို့ပါ၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအနေဖြင့် အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို ကာကွယ်တားဆီးချေမှုန်းပြီး တည်ဆောက်မှုသုံးရပ်ဖြင့် ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းများ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်း မှာကြား လိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မင်းတိုင်ပင် အထက်တန်းကျောင်း အတွက် ဗလာစာအုပ်များကို လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မင်းတိုင်ပင် စံပြကျေးရွာ ကျေးလက်ခန်းမအတွက် (၂၁) လက်မ ရုပ်မြင်သံကြားစက်တစ်လုံး၊ အားကစားပစ္စည်းမျိုးစုံနှင့် ကျောင်းသုံး ဗလာစာအုပ်များကိုလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ချင်ပြစ်ကျေးရွာ အထက်တန်းကျောင်း Multi Media Class Room အတွက် ကွန်ပျူတာတစ်စုံ၊ ကျေးလက်စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံနှင့် ကျေးရွာ မူလတန်းကျောင်းများအတွက် ဗလာစာအုပ်များကို လည်းကောင်း တာဝန်ရှိသူများသို့ အသီးသီး ပေးအပ်လှူဒါန်းကြပြီး ညနေ ၄နာရီတွင် တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဆွေးနွေးအကြံပြုချက်များ ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် ဇန်နဝါရီ ၃

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ ကိုယ်စားလှယ်ခြောက်ဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို အပိုင်းလေးပိုင်းခွဲပြီး ဖတ်ကြားတင်ပြကြရာ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်နှင့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်းတို့၏ ဖတ်ကြားတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

(သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဘာသာရပ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ဘာသာရပ် (၁၉၇၄-၈၀) ခုနှစ် ကျောင်းသား၊ ကျောင်းသူများ၏ အဋ္ဌမအကြိမ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာ စားပွဲကို ဇန်နဝါရီ ၁၅ရက် ညနေမ ၅နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အားကစားကွင်းအနီးရှိ M (3) စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် ဦးစိုးဝင်း ဖုန်း-၀၉-၅၀၀-၀၈၈၆၊ ၂၄၁၉၂၅၊ ဦးဝင်းနိုင် ဖုန်း-၃၇၁၅၅၆၊ ၆၄၁၃၂၁၊ ၀၉-၉၉-၂၃၈၄၈၊ ဦးအောင်ကျော်ဝင်း ဖုန်း-၆၆၃၈၄၀၊ ၇၀၃၈၀၀၊ ဒေါ်မိမိထွန်း ဖုန်း-၀၉-၅၁၃-၅၆၉၀၊ ဒေါ်ရင်ရင်ရွှေ ဖုန်း-၂၄၉၆၅၁၊ ၂၈၂၅၂၁ တို့သို့ ဆက်သွယ်နိုင်သည်။(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

❊ ထူးချွန်ကျောင်းသားမှ **"မြန်မာ့ကျောင်း"** သီချင်းဖြင့် လည်းကောင်း၊ ရွှေတံဆိပ်ဆုရ ကျောင်းသား၊ ကျောင်းသူများက **"ဘက်စုံဆင်နွှဲ ဆုနှင်းပွဲ"** သီချင်းဖြင့် လည်းကောင်း သီဆိုဂုဏ်ပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် နယ်ပယ်ကဏ္ဍစုံ၌ ကြိုးပမ်းတည်ဆောက်ရင်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးလုပ်ငန်းစဉ်များဖြစ်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ပါ လုပ်ငန်းများကို ပြည်သူလူထုနှင့် လက်တွဲပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သည့် အမျိုးသားပညာရည် မြင့်မားမှုစွမ်းရည် တိုးတက်ခိုင်မာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာသိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုများအရ အနာဂတ်ကာလတွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုအမျိုးမျိုးကို အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရေးဦးတည်သည့် အမျိုးသားပညာရည်မြင့်မားရေး အစီအစဉ်များချမှတ်ပြီး မျိုးဆက်သစ်လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါကြောင်း။

ဘက်စုံဖွံ့ဖြိုးရေး

အလားတူပင် နိုင်ငံတော်၏ တတိယကာလတို ငါးနှစ်စီမံကိန်း၏ ဦးတည်ချက်ငါးရပ်အနက် ပညာရေးကဏ္ဍနှင့်သက်ဆိုင်သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ထိရောက်ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် အဓိကဦးဆောင်ပါဝင်ရမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေးကဏ္ဍက လေ့ကျင့်ပျိုးထောင်နိုင်ရန် အထူးလိုအပ်ပါကြောင်း။

ယင်းလိုအပ်ချက်များနှင့်အညီ နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍများတွင် နှစ်ရှည်စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ ယခုကဲ့သို့ ဘက်စုံထူးချွန်ထက်မြက်သည့် ကျောင်းသူ၊ ကျောင်းသားများ ပေါ်ထွန်းလာလျက်ရှိနေပြီဖြစ်ကြောင်း။

ခွန်အားသစ်များတိုးပွားမည်

ပညာရေးကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများ၊ ပညာရေးကဏ္ဍက ပြုစုပျိုးထောင်မွေးထုတ်ပေးလိုက်သော ဘက်စုံထူးချွန်ထက်မြက်သည့် ကျောင်းသူ၊ ကျောင်းသားများ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည့် တက္ကသိုလ်၊ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ စွမ်းဆောင်နိုင်မှုများကို ယခုကဲ့သို့ ပညာရေးစုံညီပွဲတော်များတွင် ပေါ်လွင်ထင်ရှားအောင် ထုတ်ဖော်ပြသနိုင်ခြင်းအားဖြင့် ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ခွန်အားသစ်များ တိုးပွားဖြစ်ထွန်းစေမည်မှာ အမှန်ပင်ဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍ၏ ယခု ပညာသင်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် တိုးတက်ဖြစ်ထွန်းနေမှုများကို ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းပေါင်း ၄၀၅၂၅ကျောင်းတွင် ဆရာ၊ ဆရာမအင်အား ၂၄၀၀၀၀ကျော်က ကျောင်းသား၊ ကျောင်းသူ ၇၃သမ ၈သန်းခန့်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်ကို တွေ့နိုင်ကြောင်း၊ မူလတန်းလွန်ကျောင်းပေါင်း ၅၅၀၀ ကျော်အထိ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ကျောင်းသား၊ ကျောင်းသူ ၃ ဒသမ ၅ သိန်းကျော်သည် ကိုယ့်ရပ်ရွာ၊ ကိုယ့်ဒေသတွင် ဖွင့်လှစ်ထားသည့် ကျောင်းများ၌ပင် အလယ်တန်းပညာကို အလွယ်တကူ တက်ရောက်သင်ယူနေကြပြီဖြစ်ကြောင်း၊ အခြေခံပညာကျောင်း ၁၆၅၇ကျောင်းတွင် Multi-media Classroom များ ဖွဲ့စည်းသင်ကြားလျက်ရှိပြီး Media2-Platform ဖြင့် ဖွဲ့စည်းသင်ကြားပေးနေသည့် အခြေခံပညာကျောင်း ၁၁၃၂ကျောင်းနှင့် Media 1-Platform ဖြင့်သင်ကြားပေးနေသည့် အခြေခံပညာကျောင်း ၁၈၇၆၇ကျောင်း စုစုပေါင်း ၂၁၅၅၆ကျောင်းတွင် Media Platform များ အသုံးပြုသင်ကြားပေးနေပြီဖြစ်သည်ကို တွေ့နိုင်ကြောင်း။

လူတိုင်းအကျုံးဝင်ပညာရေး

နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် အခြေခံပညာကျောင်းများတွင် မူလတန်းကြိုအတန်းများ တိုးချဲ့ဖွင့်လှစ်ပေးပြီး ကျောင်းနေအရွယ်မရောက်သေးသော ကလေးများအား ပြုစုပျိုးထောင်ပေးမှုများ၊ ပညာသင်နှစ်မစတင်မီ နိုင်ငံနှင့်အဝန်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်မှုများ၊ ကျောင်းနေမြဲရေးအစီအစဉ်များ၊ သင်ယူတတ်မြောက်မှု အရည်အသွေးဆန်းစစ်မှု အစီအစဉ်များ ချမှတ်ဆောင်ရွက်မှုများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများ၊ ပြည်နယ်/တိုင်းအလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားသော ကျောင်းများ၊ အခြေခံပညာအထက်တန်းအဆင့် သင်္ချာအိုလံပစ်ပြိုင်ပွဲတွင် ထူးချွန်စွာ အောင်မြင်သူများကို ရွေးချယ်ပြီး ဆုများချီးမြှင့်ပေးမှုများ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့အပြင် သက်ကြီးစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးအစီအစဉ်များကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး လူတိုင်း အကျုံးဝင်ပညာရေး (Inclusive Education) အစီအစဉ်များကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ရန် ပညာပေးဆွေးနွေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတွင်လည်း တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် စုစုပေါင်း ၁၅၆ခု ဖွင့်လှစ်ထားပြီး ပါမောက္ခများနှင့် ဆရာ၊ဆရာမ နှစ်သောင်းကျော်တို့က သင်တန်းသား၊ သင်တန်းသူ ရှစ်သိန်းကျော်ကို ပုံမှန်တက္ကသိုလ်သင်တန်းနှင့် HRD သင်တန်း စုစုပေါင်း ၆၀၄မျိုးအထိ တိုးချဲ့လေ့ကျင့်သင်ကြားပေးလျက်ရှိသည်ကို တွေ့ရှိနိုင်ကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး

အမျိုးသားပညာရည်မြင့်မားရေးအတွက် ဒေသအလိုက် အဆင့်မြင့်ပညာရပ်များ အလွယ်တကူ တက်ရောက်ပညာဆည်းပူးနိုင်ရေး၊ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများသို့ ဆက်လက်သင်ယူနိုင်ရေး၊ တက္ကသိုလ်၊ဒီဂရီကောလိပ်အလိုက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများ ဖွဲ့စည်းပြီး သက်ဆိုင်ရာဒေသ၏ လူမှုစီးပွားရေးနယ်ပယ်တွင် လက်တွေ့အသုံးပြုနိုင်မည့် သင်တန်းများတိုးချဲ့ဖွင့်လှစ်ပေးရေး၊ နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့အချိန်အခါကာလတွင် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများအရ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးနယ်ပယ် အသီးသီးတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများကို မဖြစ်မနေ ရယူအသုံးပြုနိုင်ရန် လိုအပ်နေသည့်အတွက် နိုင်ငံတော်၏ အစီအစဉ်ဖြင့် အီလက်ထရွန်နစ် သတင်းအချက်အလက်လွှင့်ထုတ်မှုစနစ်ကို ထူထောင်ပြီး တက္ကသိုလ်၊ ကောလိပ်နှင့်အထက်တန်းကျောင်း စုစုပေါင်း ၆၂၄ကျောင်းတွင် e-Education Learning Centre များ ဖွဲ့စည်းပေးခဲ့ခြင်းကြောင့် ပညာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ဘာသာရပ်သင်ခန်းစာများကို အလွယ်တကူ ဖမ်းယူလေ့လာနိုင်လျက်ရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် တက္ကသိုလ်၊ ကောလိပ်အားလုံးနှင့် အခြေခံပညာကျောင်းအချို့တွင် Internet ချိတ်ဆက်အသုံးပြုနိုင်ပြီဖြစ်သည့်အတွက် နိုင်ငံတော်၏ အဓိကအားထားရမည့် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပျိုးထောင်ပေးနေသော ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများအနေဖြင့် ကမ္ဘာနှင့်အဝန်း၊ အချိန်နှင့်အမျှ တိုးတက်ပေါ်ထွန်းလာသည့် ပညာရပ်များနှင့် လက်လှမ်းမီလာပြီး သင်ကြားသင်ယူမှုလုပ်ငန်းများတွင် ခေတ်မီနည်းပညာရပ်များကို ထိရောက်စွာ အချိန်နှင့်တစ်ပြေးညီ ရယူအသုံးပြု သင်ကြားပေးနိုင်နေကြပြီဖြစ်ကြောင်း။

အရှိန်မြှင့်ဆောင်ရွက်

၂၀၀၅-၂၀၀၆ ပညာသင်နှစ်သည် အနှစ်(၃၀) နှစ်ရှည်စီမံကိန်း၊ ပထမနှစ်တို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်ကြောင်း၊ ဤပထမနှစ်တို ငါးနှစ်စီမံကိန်းကာလအတွင်း ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူမှုအခွင့်အလမ်းများကို ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည့်အတွက် လာမည့် ဒုတိယနှစ်တို ငါးနှစ်စီမံကိန်းကာလအတွင်းတွင် အခြေခံပညာအဆင့်အတန်းအလိုက် ပညာရေးအရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကို အလေးထား ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဤရည်မှန်းချက်နှင့်အညီ အခြေခံပညာကျောင်း၊ ရုံးများ၏ အရည်အသွေးမြှင့်တင်ရေးသင်တန်းများကို ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် အခြေခံပညာရေး အရည်အသွေးမြင့်မားရေး ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ အောင်မြင်ပြည့်မြောက်ရေးအတွက် ပညာရေးဝန်ထမ်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များနှင့် မိဘပြည်သူများအားလုံးက လက်တွေ့ပိုင်းတွင် အပြည့်အဝ လက်တွဲပူးပေါင်းပြီး ဆက်လက်အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပညာသင်နှစ်အတွင်း ကဏ္ဍအလိုက် ကြိုးပမ်းစွမ်းဆောင်မှု၏ အသီးအပွင့်ရလဒ်ကောင်းများဖြစ်သည့် ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူများ၊ အနုပညာ၊ စာပေနှင့်အားကစားကဏ္ဍအလိုက် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအရ လှုပ်ရှားဆောင်ရွက်ခဲ့ရာတွင် ထူးခြားစွာ ပညာသင်ယူခွင့် ရရှိလာကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ထူးချွန်ဆုရကျောင်းများကို ယခုကျင်းပသည့် အခမ်းအနားတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

ပါဝင်ဆင်နွှဲနေ

ယနေ့သည် ပညာရေးစုံညီပွဲတော်နေ့ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်များ၊ အခြေခံပညာ ကျောင်းများ၌ ပညာရေးစုံညီပွဲတော်များ ကျင်... ပြိုင်ပွဲများ၊ ထူးချွန်ဆုချီးမြှင့်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ... ဆရာ၊ ဆရာမများ၊ မိဘပြည်သူများ၊ ကျေ... ပညာရေးစေတနာရှင်များသည် တပျော်တပါး ပါ...

၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရ အထက(၂)လသာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)



နိုင်ငံတော်၏ တတိယကာလတို ငါးနှစ်စီမံကိန်း၏ ဦးတည်ချက် ငါးရပ်အနက် ပညာရေးကဏ္ဍနှင့်သက်ဆိုင်သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ထိရောက်ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။

လာမည့်ငါးနှစ်စီမံကိန်း...
အခြေခံပညာရေး အ...

ကျောင်းများ၌ ပညာရေးစုံညီပွဲတော်များ ကျ...
ပြိုင်ပွဲများ၊ ထူးချွန်ဆုချီးမြှင့်ပွဲများ၊ ပျော်ပွဲရွှင်ပွဲမျ...
ဆရာ၊ ဆရာမများ၊ မိဘပြည်သူများ၊ ကျေ...
ပညာရေးစေတနာရှင်များသည် တပျော်တပါး ပ...

မိမိတို့၏ သား၊ သမီး၊ ကျောင်းသား၊ ကျေ...
မှုများကို ကိုယ်တိုင် မြင်တွေ့ကြရသည့် မိ...
ကျေနပ်အားရပြီး ဂုဏ်ယူမဆုံးဖြစ်ကြမည်...
သက်ဆိုင်ရာကျောင်းအလိုက် ဆရာ၊ ဆရာမမျ...
ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိ...
ယခုကဲ့သို့ စုံစုံညီညီ ဆုံစည်းရခိုက်တွင် က...
ရေးနှင့် ကျောင်း၏ သွင်ပြင်လက္ခဏာကောင်းမွ...
ကူညီပံ့ပိုးဖွယ်ရာ ကိစ္စရပ်များကို အားတက်...

အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းလုပ်...
လာရေးအတွက် ထိရောက်သောအစီအမံများက...
လိမ့်မည်ဟုလည်း ယုံကြည်ထားကြောင်း။

လေ့ကျင့်ပျိုးထောင်...

ယနေ့ ထူးချွန်ဆုရရှိကြသော ကျောင်း...
အနေဖြင့်လည်း နိုင်ငံတော်၏ ချီးမြှင့်ဂုဏ်ပြုမှု...
ကြပြီး အနာဂတ်ကာလတွင် မိမိနိုင်ငံနှင့် မိမိလူမျိုး...
သန္နိဋ္ဌာန်စိတ်ဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်...
ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအနေ...
အပြည့်အဝ လက်တွဲပူးပေါင်းပြီး ကျောင်းသား...
ကာလတွင် နိုင်ငံတော်က အားထားရသော...
လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ဖြစ်ထွန်းလာ...
ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **ထူးချွန်ဆုရ ကျောင်းသား၊ ကျော... ကာလတွင် နိုင်ငံတော်က အ... အတတ်ပညာရှင်များ၊ ခေတ်မီဖွံ့ဖြိုး... အဖြစ် တည်ဆောက်ကာကွယ်နိ... အားထုတ်သွားကြပါ၊**
- **ပညာရေးဝန်ထမ်းများ၊ ဆရာ... အမျိုးသားပညာရည်မြင့်မားရေး ... ကျောင်းသား၊ ကျောင်းသူလူငယ်... နိုင်ငံ့သားကောင်းသမီးမွန်များ၊ က... ပြည့်ဝသူများ၊ အသိပညာရှင်မျာ... ဖြစ်ထွန်းလာအောင် လေ့ကျင့်သ...**
- **မိဘပြည်သူများ၊ ပညာရေး ... တစ်မျိုးသားလုံး ပညာရည်မြင့်မာ... များ၊ ပညာရေးဝန်ထမ်းများ၊ ဆ... အဝ ပူးပေါင်းပြီး တက်ညီလက်...**

ဟု တိုက်တွန်းမှာကြားသည်။

အကျယ်တဝင့်ရှင်း...

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန...
အမျိုးသားပညာရည် မြင့်မားရေး အနှစ် ၃၀ ...
ငါးနှစ်စီမံကိန်း၏ ပဉ္စမနှစ်ဖြစ်သည့် ယခု ...
အတွင်း ပညာရေးစီမံကိန်းလုပ်ငန်းစဉ်များ...
ပြည်နယ်နှင့် တိုင်းအဆင့်၊ မြို့နယ်အဆင့်...

လာမည့်ငါးနှစ်စီမံကိန်းကာလအတွင်း အခြေခံပညာအဆင့်အတန်းအလိုက် အရည်အသွေးမြှင့်တင်ရေး အလေးထားဖော်ဆောင်မည် အခြေခံပညာရေး အရည်အသွေးမြင့်မားရေး ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များအောင်မြင်ရေး လက်တွေ့ပိုင်းတွင် ပူးပေါင်းဆောင်ရွက်

ကျောင်းများ၌ ပညာရေးစုံညီပွဲတော်များ ကျင်းပလျက်ရှိကြပြီး စွမ်းရည်ပြပွဲ ပြိုင်ပွဲများ၊ ထူးချွန်ဆုချီးမြှင့်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများတွင် ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများ၊ မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပညာရေးစေတနာရှင်များသည် တပျော်တပါး ပါဝင်ဆင်နွှဲနေကြပြီဖြစ်ကြောင်း။

မိမိတို့၏ သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူများ၏ ထူးချွန်ထက်မြက်မှုများကို ကိုယ်တိုင် မြင်တွေ့ကြရသည့် မိဘပြည်သူများအနေဖြင့်လည်း ကျေနပ်အားရပြီး ဂုဏ်ယူမဆုံးဖြစ်ကြမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကျောင်းအလိုက် ဆရာ၊ ဆရာမများနှင့် မိဘဆရာအသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ စုံစုံညီညီ ဆုံစည်းရခိုက်တွင် ကလေးများ၏ ပညာရည်မြင့်မားရေးနှင့် ကျောင်း၏ သွင်ပြင်လက္ခဏာကောင်းမွန်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီပံ့ပိုးဖွယ်ရာ ကိစ္စရပ်များကို အားတက်သရော တိုင်ပင်ဆွေးနွေးကြပြီး

၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဘက်စုံပညာ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။ (သတင်းစဉ်)

အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းလုပ်ငန်းစဉ်များ ဖြစ်ထွန်းအောင်မြင်လာရေးအတွက် ထိရောက်သောအစီအမံများကို ချမှတ်ဆောင်ရွက်ပေးနိုင်ကြလိမ့်မည်ဟုလည်း ယုံကြည်ထားကြောင်း။

လေ့ကျင့်ပျိုးထောင်ပေး

ယနေ့ ထူးချွန်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူ လူငယ်များ အနေဖြင့်လည်း နိုင်ငံတော်၏ ချီးမြှင့်ဂုဏ်ပြုမှုများအပေါ် အလေးအနက်ခံယူကြပြီး အနာဂတ်ကာလတွင် မိမိနိုင်ငံနှင့် မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန္နိဋ္ဌာန်စိတ်ဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် မှာကြားလိုကြောင်း၊ ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း မိဘပြည်သူများနှင့် အပြည့်အဝ လက်တွဲပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများကို အနာဂတ်ကာလတွင် နိုင်ငံတော်က အားထားရသော အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ဖြစ်ထွန်းလာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အနာဂတ်ကာလတွင် နိုင်ငံတော်က အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ကာကွယ်နိုင်သူများဖြစ်အောင် ကြိုးစားအားထုတ်သွားကြပါ၊**
- **ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များနှင့်အညီ ကျောင်းသား၊ ကျောင်းသူလူငယ်များကို ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းသမီးမွန်များ၊ ကမ္ဘာ့လူရည်မွန်များ၊ ဘက်စုံပညာပြည့်ဝသူများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များအဖြစ် ဖြစ်ထွန်းလာအောင် လေ့ကျင့်သင်ကြားပေးကြပါ၊**
- **မိဘပြည်သူများ၊ ပညာရေး စေတနာရှင်များအနေဖြင့်လည်း တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် အပြည့်အဝ ပူးပေါင်းပြီး တက်ညီလက်ညီ ပါဝင်ကူညီပံ့ပိုးပေးကြပါ**

ဟု တိုက်တွန်းမှာကြားသည်။

အကျယ်တဝင့်ရှင်းလင်း

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမျိုးသားပညာရည် မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်း ပထမနှစ်တိုငါးနှစ်စီမံကိန်း၏ ပဥ္စမနှစ်ဖြစ်သည့် ယခု ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွင်း ပညာရေးစီမံကိန်းလုပ်ငန်းစဉ်များအလိုက် နိုင်ငံတော်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်များတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စွမ်းဆောင်ချက်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅-၂၀၀၆ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန်ဆုရရှိကြသော ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်အခြေခံပညာ အထက်တန်းကျောင်းမှ မမေစန္ဒာဖူး၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မကညားမော်၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တောင်ပေါ်ရပ် အခြေခံပညာအထက်တန်းကျောင်းခွဲမှ မောင်မင်းဟံသာထွန်း၊ ချင်းပြည်နယ် မတူပီမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဆန်ကျဲအိုထန်၊ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မနွေယမုံဆွေ၊ တနင်္သာရီတိုင်း မြိတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မသက်စုမော်၊ ပဲခူးတိုင်း (အရှေ့)ပဲခူးမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မငုဝါဝါဖူး၊ ပဲခူးတိုင်း (အနောက်) အုတ်ဖိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မဟန်ဇာပိုးပိုး၊ မကွေးတိုင်း မကွေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝင်းမင်းဦး၊ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ မစောသီရိဟန်၊ မွန်ပြည်နယ် မော်လမြိုင် မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်ကျော်မွန်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်သက်ဝင်းဖြိုး၊ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံ ပညာအထက်တန်းကျောင်းမှ မခိုင်သရဖီဒင်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မမေလဲ့ခိုင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မရွှန်းလဲ့ဖြူပြာအောင်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မပေမန်သော်တာညိမ်းနှင့် ဧရာဝတီတိုင်း မအူပင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုးနောင်နောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ဆုရကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲတွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း နိုင်ငံတကာပန်းချီပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ အထက(၁) ဒဂုံမှ မမြတ်ဆုဝေတင်အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးစီမံချက်အရ ထူးခြားသည့်ကျောင်းသား၊ ကျောင်းသူဆုရရှိကြသည့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဗိုလ်တေဇ အခြေခံပညာမူလတန်းလွန်ကျောင်း ပထမတန်းမှ မနှင်းနုနုနိုင်၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း သူငယ်တန်းမှ မောင်အောင်ကျော်မြင့်နှင့် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း သူငယ်တန်းမှ မောင်စိုင်းမွန်ဇော်တို့အား လည်းကောင်း၊ ဂုဏ်ထူးဆောင် ကျောင်းသူဆုရ ဧရာဝတီတိုင်း မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မမေဇင်အောင်၊ ဂုဏ်ထူးဆောင်ကျောင်းသားဆုရရှိကြသည့် ရှမ်းပြည်နယ် လင်းခေးမြို့နယ် နမ့်တင် အခြေခံပညာမူလတန်းကျောင်း စတုတ္ထတန်းမှ မောင်စိုင်းအောင်မျိုးနှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တတိယတန်းမှ မောင်ဇွဲရန်နိုင်တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး ဆုရကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွေးက ၂၀၀၅-၂၀၀၆ ပညာသင်နှစ် အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် ကချင်ပြည်နယ် မြစ်ကြီးနား မြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ မနန်းဝေဝေဖြိုး၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မချောစုစုယဉ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မနော်ထူးမာလာ၊ ချင်းပြည်နယ် ဖလမ်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းမှ မလာလ်ရဲမ်ပွီး၊ စစ်ကိုင်းတိုင်း ကသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မပန်းနုဇော်၊ တနင်္သာရီတိုင်း ပုလောမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မပန်းအိဖြိုး၊ ပဲခူးတိုင်း(အရှေ့) ပဲခူးမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မှ မစုမြတ်ဇော်၊ ပဲခူးတိုင်း(အနောက်) အုတ်ဖိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မသီရိထက်နိုင်၊ မကွေးတိုင်းမင်းဘူးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ချစ်ကိုကိုအောင်၊ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းမှ မမို့မို့ချစ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ မယုယုသီ၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းမြတ်ထူး၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မရည်မွန်အောင်၊ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ မနိုနိုလွင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ မမီမီဝင်းမွန်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းမှ မစုစန္ဒီမောင်နှင့် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမှတ်(၁)အခြေခံ ပညာအလယ်တန်းကျောင်းမှ မဖြိုးသဥ္ဇာခင်တို့အား ဆုများကို ပေးအပ် ချီးမြှင့်ပြီး ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မြန်မာနှင့် နိုင်ငံတကာ လူမှုဆက်ဆံရေး ထုံးစလေ့တတ်ကျွမ်းမှု ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ဆုရကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"စုံညီပွဲတော် ဒို့နွှဲပျော်"** သီချင်းဖြင့် စုပေါင်းသီဆိုဂုဏ်ပြုကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက မသန်သော်လည်း စွမ်းဆောင်နိုင်သည့် အကြားအာရုံချို့တဲ့သူ ကျောင်းသား၊ ကျောင်းသူငါးဦးနှင့် အမြင်အာရုံချို့တဲ့သူ ကျောင်းသား၊ ကျောင်းသူငါးဦးတို့အားလည်းကောင်း၊အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးတို့အားလည်းကောင်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက နိုင်ငံတကာပန်းချီပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသော ကျောင်းသား၊ကျောင်းသူ ခုနစ်ဦးတို့အား လည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရရှိသည့် ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာအထက်တန်းကျောင်း ၁၇ ကျောင်းတို့အတွက် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရကျောင်းသား၊ ကျောင်းသူများ၊ ဆုရ ကျောင်းများ၏ ကျောင်းအုပ်ဆရာမကြီးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

သီဆိုဖျော်ဖြေ

ထို့နောက် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူလေးများက **"ဓာတ်မာန်"** သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများနှင့် ဆုရ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ၂၀၀၅-၂၀၀၆ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုသည်။

(သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

အဆင့်မြင့်ဆက်သွယ်ရေး လုပ်ငန်းများ နိုင်ငံတစ်ဝန်း တိုးတက်ဖြစ်ထွန်းလာ

သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများသည် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ တွန်းအားပေးမောင်းနှင်နိုင်သည့် အရေးပါအရာရောက်သော လုပ်ငန်းတစ်ခုဖြစ်သည်။

အနာဂတ်ကာလတွင် ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲများကို ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာ၌ မိုက္ကရိုဝေ့ဗ်၊ အီးမေးနှင့် အင်တာနက်လုပ်ငန်းများသည်သတင်း အချက်အလက်များကို တွင်ကျယ်ထိရောက်စွာ ဖမ်းယူရေးလုပ်ငန်းများ ဖြစ်လာသည်။

နိုင်ငံအတွင်း၌သာမက ကမ္ဘာနှင့် အဝန်း ပြောင်းလဲဖြစ်ပေါ်နေသော

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကြေးနီတောင် မိုက္ကရိုဝေ့ဗ် စခန်းတာဝါတိုင်ပေါ်တွင် ကေဘယ်လ်ကြိုးများ တပ်ဆင်နေစဉ်။

ပြည်နယ်နှင့်တိုင်းအလိုက်ဖြစ်ထွန်းနေသော အဆင့်မြင့်ဆက်သွယ်ရေးလုပ်ငန်းများ

ပြည်နယ်နှင့်တိုင်း	၁၉၈၈		၂၀၀၅		တိုးတက်မှု	
	မိုက္ကရိုဝေ့ဗ်	အီးမေး အင်တာနက်	မိုက္ကရိုဝေ့ဗ်	အီးမေး အင်တာနက်	မိုက္ကရိုဝေ့ဗ်	အီးမေး အင်တာနက်
ကချင်	-	-	၁၃	-	၁၃	-
ကယား	-	-	၁	-	၁	-
ကရင်	၁	-	၇	-	၆	-
ချင်း	-	-	၆	-	၆	-
မွန်	၉	-	၁၀	-	၁	-
ရခိုင်	၇	-	၁၄	-	၇	-
ရှမ်း	၂	-	၄၅	-	၄၃	-
စစ်ကိုင်း	၄	-	၂၂	-	၁၈	-
တနင်္သာရီ	၂	-	၉	-	၇	-
ပဲခူး	၁၁	-	၁၆	-	၅	-
မကွေး	၇	-	၃၁	-	၂၄	-
မန္တလေး	၁၂	-	၂၁	၃	၉	၃
ရန်ကုန်	၆	-	၁၂	၇၃	၆	၇၃
ဧရာဝတီ	၁၀	-	၁၉	-	၉	-

သတင်း အချက်အလက်များကို လည်းကောင်း၊ ပြည်သူများ အသိအမြင် ဗဟုသုတ တိုးပွားစေရန်နှင့် မိမိတို့၏ လုပ်ငန်းဆောင်တာများကို အချိန်တိုအတွင်း လွယ်လင့်တကူ ပြည့်ပြည့်စုံစုံ သိရှိနိုင်ရန်အတွက် လည်းကောင်း၊ အဆိုပါဆက်သွယ်ရေး နည်းပညာများကို ယခုအခါ ထိထိရောက်ရောက် အသုံးပြုလာကြပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင်အဆင့်မြင့် ဆက်သွယ်ရေး နည်းပညာများကို ဒေသအနှံ့တွင် ဖြန့်ကြက်ဖန်တီး ဖော်ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနိုင်မှုကြောင့် နိုင်ငံအတွင်းရှိ ပြည်နယ်နှင့်တိုင်း ဒေသအနှံ့တွင် တိုင်းရင်းသားပြည်သူအချင်းချင်း ဆက်သွယ်ခြင်း လုပ်ငန်းဆောင်တာများကို ဆက်သွယ်ဆောင်ရွက်ခြင်း၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများတွင် အဆင့်မြင့်ဆက်သွယ်ရေး နည်းပညာများကို အသုံးပြုလျက်ရှိသည်။

တပ်မတော် အစိုးရလက်ထက် ပြည်နယ်နှင့်တိုင်း ဒေသအနှံ့တွင် အဆင့်မြင့် ဆက်သွယ်ရေးနည်းပညာများ ဖြန့်ကြက်တည်ဆောက်ပေးနိုင်သဖြင့် မိုက္ကရိုဝေ့ဗ်၊ အီးမေးနှင့် အင်တာနက်များ တိုးတက်ဖြစ်ထွန်းလာမှုတို့ကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။

❍ ကျောဖုံးမှ

ကိုရီးယားသမ္မတနိုင်ငံ

၂၀၀၆ခုနှစ် ဇန်နဝါရီလ၄ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နိုမူဟွန်ထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ကိုရီးယားသမ္မတနိုင်ငံအစိုးရအဖွဲ့နှင့်ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့သည် ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြင့်မားတိုးတက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာလာမည်ဟု မျှော်လင့်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေရန်နှင့်မြန်မာ ပြည်သူတစ်ရပ်လုံး တိုးတက်ကြီးပွားကြွယ်ဝစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ပါကစ္စတန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပါကစ္စတန်အစ္စလာမ့်သမ္မတနိုင်ငံသမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာရက်ဖ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်စွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့သည် ရင်းနှီးချစ်ကြည်သော ဆက်ဆံရေး တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မြဲတိုးတက်လာမည်ဟု မျှော်လင့်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပြီး မြန်မာပြည်သူတစ်ရပ်လုံး တိုးတက်အောင်မြင်စေရန် ဆန္ဒပြုပါကြောင်းဖော်ပြထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ပါကစ္စတန်ဝန်ကြီးချုပ် မစ္စတာရှောကတ်အဇစ်က အလားတူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

သြစတြေးလျ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ သြစတြေးလျ ဓနသဟာယဘုရင်ခံချုပ် ဗိုလ်ချုပ်မိုက်ကယ်ဂျက်ဖရီ (အငြိမ်းစား)ထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့်လည်းကောင်း၊ သြစတြေးလျပြည်သူများ ကိုယ်စားလည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းစေရန်နှင့် မြန်မာပြည်သူပြည်သားများ တိုးတက်အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြသည်။

ကျူးဘား

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကျူးဘားသမ္မတ ဒေါက်တာဖီဒယ်လ်ကတ်စ်ထရိုရုဇ်ထံမှ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ကျူးဘားအစိုးရအဖွဲ့နှင့် ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် မိမိဆန္ဒပြုပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေရန်နှင့် မြန်မာနိုင်ငံသူနိုင်ငံသားများ တိုးတက်ကြွယ်ဝစေရန် ဆုတောင်းအပ်ပါကြောင်းဖော်ပြသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြပာန်ဂီတသံ
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၀၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်စံအိမ်" (အပိုင်း-၁၈) (ဇာတ်သိမ်းပိုင်း)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ဗွီစီဒီ ကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေဆန်စား" (အပိုင်း-၃၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ထူးခြားသည့် ညအပူချိန်များ

(၃-၁-၂၀၀၆)

ဟားခါး

၁ဒီဂရီ စင်တီဂရိတ်

ပင်လောင်း

၂ဒီဂရီ စင်တီဂရိတ်

မင်းတပ်နှင့်မိုးကုတ်

၄ဒီဂရီ စင်တီဂရိတ်စီ

မီးဘေးရှောင် မလောင်ခင်တား

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆:၄၅ ၁။ ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၈:၃၀ ၂။ (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၅ ၃။ International News.
၉:၀၀ ၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၅:၀၀ ၅။ အတီးပြိုင်ပွဲ
၅:၀၅ ၆။ သီချင်းကြီးပဒေသာ
၅:၁၅ ၇။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၅:၂၅ ၈။ (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၅ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၄၅ ၁၀။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၄။ အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် အနှစ်သာရ
၇:၂၀ ၁၅။ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၇:၃၅ ၁၆။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရှေးရှု "သမိုင်းမော်ကွန်း ထွန်းသစ်ဝေဖြာ ပြည်မြန်မာ"
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ (အခြေခံပညာအဆင့်)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁/၂၀၀၆
၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်ပသာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်–

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသီလဝံသ၊ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တအဂ္ဂပဏ္ဍိတ၊ အသောကာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၃။ ဘဒ္ဒန္တနာဂဝံသ၊ ဝေဠုဝန်ကျောင်းတိုက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ၊ တိပိဋက ဓမ္မနာဒပရိယတ္တိစာသင် တိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဇဝန၊ ခန္တီးစာသင်တိုက်၊ ဝန်းသိုမြို့၊ စစ်ကိုင်းတိုင်း
၂။ ဘဒ္ဒန္တအဂ္ဂသာရ၊ ရွှေကျင်ဓမ္မာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၃။ ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ၊ ဝင်းနိမ္မိတာရုံ ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၄။ ဘဒ္ဒန္တသုမင်္ဂလ၊ ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း၊ မကွေးမြို့၊ မကွေးတိုင်း
၅။ ဘဒ္ဒန္တနန္ဒိယ၊ ထိန်ကံပရိယတ္တိစာသင်တိုက်၊ ဇီးကန်ကျေးရွာ၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်း
၆။ ဘဒ္ဒန္တဝိလာသ၊ မဏိဇောတိကာရုံစာသင်တိုက်၊ ရွာသစ်ကုန်းရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း
၇။ ဘဒ္ဒန္တနာရဒ၊ စည်သာကျောင်း၊ အနောက် ခင်မကန်တိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၈။ ဘဒ္ဒန္တဇောတိပါလ၊ ရတနာရာမကျောင်းတိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း
၉။ ဘဒ္ဒန္တသုဇနပိယ၊ မိတ္ထီလာကျောင်း၊ ဓမ္မိကာရာမတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း
၁၀။ ဘဒ္ဒန္တဝဇီရာဝုဓ၊ ကင်းဝန်မင်းကြီး ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း
၁၁။ ဘဒ္ဒန္တသြဓာတသိရီဘိဝံသ၊ ရန်ကင်းကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း
၁၂။ ဘဒ္ဒန္တသောဘိတ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ခရမ်း မြို့နယ်၊ ရန်ကုန်တိုင်း
၁၃။ ဘဒ္ဒန္တစန္ဒောဘာသ၊ အရိမဒ္ဒနာရာမကျောင်းတိုက်၊ ကသစ်ကုန်း ကျေးရွာ၊ ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်း
၁၄။ ဘဒ္ဒန္တပဏ္ဍိတ၊ ဆုထူးပန်ပရိယတ္တိ ရွှေကျင်ကျောင်းတိုက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း
၁၅။ ဘဒ္ဒန္တကောသလ၊ စိန္တာရာမပရိယတ္တိစာသင်တိုက်၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၆။ ဒေါက်တာ ဘဒ္ဒန္တပဝရာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၇။ ဘဒ္ဒန္တပညာဝံသ၊ နိုင်ငံတော်သာခုပရိယတ္တိစာသင်တိုက်၊ သာခုအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၁၈။ ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရ၊ ဘုရားကြီးမြောက်ကျောင်းတိုက်၊ ကံသာ ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၁၉။ ဘဒ္ဒန္တရေဝတ၊ တောင်တန်းသာသနာပြုကျောင်း၊ ဝမ်ကောင်း ရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၂၀။ ဘဒ္ဒန္တသြဘာသ၊ ဓမ္မပါရဂူကျောင်းတိုက်၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်း

ပြည်ပဆရာတော်ကြီးများ

၂၁။ ဘဒ္ဒန္တ ဂဏိဿရမဟာထေရ် (Most. Ven, Pundit Gnarassara Maha Nayaka Thero) သီရိဝိဒျဝိဇယကျောင်းတိုက်၊ နူဂီဂေါဒမြို့၊ သီရိလင်္ကာနိုင်ငံ။
၂၂။ ဒေါက်တာ ဘဒ္ဒန္တမဟာဝိချစ် (Most. Ven, Dr. Maha Wichit Singharaj) သက်လောင်နွယ်ဘုရားကျောင်း၊ ဗီယန်ရှင်းမြို့၊ လာအိုနိုင်ငံ

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုန္ဒရ၊ စတုဘုမ္မိကမင်္ဂလာကျောင်းတိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း

ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒိမာ၊ ရန်အောင်ကျောင်းတိုက်၊ ဆီဆုံလေးရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်း
၂။ ဘဒ္ဒန္တဉာဏိန္ဒိယ၊ ဒီပါအေးမြ မဟာစည်သာသနာ့ရိပ်သာကျောင်း၊ ပေါက်ကူကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်း
၃။ ဘဒ္ဒန္တပုညာနန္ဒ၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း
၄။ ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း
၅။ ဘဒ္ဒန္တသုမန၊ ခါးရိုးပရိယတ္တိစာသင်တိုက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း

အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနေမိန္ဒရ၊ သာသနာလင်္ကာရကျောင်းတိုက်၊ ရွှေကူမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တသုဝဏ္ဏ၊ မဟာဇောတိကာရာမကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၃။ ဘဒ္ဒန္တဝိမလ၊ ကန်သာစာသင်တိုက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း
၄။ ဘဒ္ဒန္တ သောဘိတာဘိဝံသ၊ ရွှေဂူကျောင်း၊ ညောင်ခါးရှည်ကျေးရွာ၊ ဝေါမြို့နယ်၊ ပဲခူးတိုင်း
၅။ ဘဒ္ဒန္တဥက္ကံသ၊ မဟာစေတီကန် ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၆။ ဘဒ္ဒန္တသူရိယ၊ ကြာနီကန်စာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း
၇။ ဘဒ္ဒန္တဉာဏိန္ဒာလင်္ကာရ၊ စည်ပင်ဂိုဏ်းအုပ်စာသင်တိုက်၊ (၇)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း
၈။ ဘဒ္ဒန္တ သေဋ္ဌိလ၊ ကန်ဖျား ပရိယတ္တိစာသင်တိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၉။ ဘဒ္ဒန္တတေဇနိယ၊ ဘုရားသုံးဆူမြဇေယျစာသင်တိုက်၊ မကွေးမြို့၊ မကွေးတိုင်း
၁၀။ ဘဒ္ဒန္တ ဝေပုလ္လ၊ ဘုရားကြီးမြောက်ကျောင်းတိုက်၊ ဂန့်ဂေါမြို့၊ မကွေးတိုင်း
၁၁။ ဘဒ္ဒန္တ နာယက၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်အရှေ့တိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း
၁၂။ ဘဒ္ဒန္တတိက္ခာနန္ဒ၊ ကန်တောရပရိယတ္တိစာသင်တိုက်၊ ကန်ရွာ၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်း
၁၃။ ဘဒ္ဒန္တ ပညာဇောတ၊ မဟာဝိသုကာရာမကျောင်းတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း
၁၄။ ဘဒ္ဒန္တသောဘဏာဘိဝံသ၊ ဦးဇာဂရကြီးကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း
၁၅။ ဘဒ္ဒန္တပညာဒီပ၊ ဓမ္မာရုံကျောင်းတိုက်၊ တောင်သာမြို့၊ မန္တလေးတိုင်း
၁၆။ ဘဒ္ဒန္တသောဘဏ၊ ကိုးဆောင်ကျောင်းတိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း
၁၇။ ဘဒ္ဒန္တသုဇန၊ ပုဂံကျောင်း၊ အရှေ့ခင်မကန်တိုက်၊ အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်း
၁၈။ ဘဒ္ဒန္တ သိက္ခိတာစာရ၊ သာသနမူလိကာရာမကျောင်းတိုက်၊ တောင်သာမြို့၊ မန္တလေးတိုင်း
၁၉။ ဘဒ္ဒန္တဉာဏဓဇ၊ မြို့ရွှေတိုက်၊ ဦးစောလှကျောင်း၊ အရှေ့ပြင် ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း
၂၀။ ဘဒ္ဒန္တဝိစိတ္တ၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပွဲရပ်ကွက်၊ မြစ်သားမြို့၊ မန္တလေးတိုင်း
၂၁။ ဘဒ္ဒန္တဒေဝိန္ဒ၊ သုခဝတီစာသင်ကျောင်းတိုက်၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း
၂၂။ ဘဒ္ဒန္တတေဇနိယ၊ ချိုင်းနားစာသင်တိုက်၊ နွားထိုးကြီးမြို့၊ မန္တလေးတိုင်း
၂၃။ ဘဒ္ဒန္တခေမာနန္ဒ၊ ဇေယမဒနီဝါဆိုကျောင်း၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း
၂၄။ ဘဒ္ဒန္တ ပဒုမသာရ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၂၅။ ဘဒ္ဒန္တဝိဝေကာနန္ဒ၊ မဟာရင်ကျောင်းတိုက်၊ ကတိုးကျေးရွာ၊ မော်လမြိုင်မြို့နယ်
၂၆။ ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ၊ မြို့မရမ်းချို အောင်သစ္စာပရိယတ္တိစာသင်တိုက်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်
၂၇။ ဘဒ္ဒန္တ အာသဘ၊ ပြသာဒ်ကျောင်း၊ မဟာညောင်ကုန်းကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း
၂၈။ ဘဒ္ဒန္တ ကောဝိဒါဘိဝံသ၊ မဟာဇေယျမင်းကျောင်း ပရိယတ္တိ စာသင်တိုက်၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်း
၂၉။ ဘဒ္ဒန္တ မာနိတာဘိဝံသ၊ အောင်ချမ်းသာကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း
၃၀။ ဘဒ္ဒန္တဝေပုလ္လ၊ ကျိုက်သီ မွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၃၁။ ဘဒ္ဒန္တဝိဿုတ၊ သီရိဝေလာပရိယတ္တိစာသင်တိုက်၊ ဗားကရာတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း
၃၂။ ဘဒ္ဒန္တသုစိတ္တ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
၃၃။ ဘဒ္ဒန္တကဝိဓဇာဘိဝံသ၊ သုခကာရီပရိယတ္တိ စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
၃၄။ ဘဒ္ဒန္တပညာနန္ဒ၊ သာသနာ့ ဝိပုလဓာတ်တော် ပရိယတ္တိစာသင်တိုက်၊ လွိုင်လင်မြို့၊ ရှမ်းပြည်နယ်
၃၅။ ဘဒ္ဒန္တဉာဏိန္ဒ၊ တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း
၃၆။ ဘဒ္ဒန္တဧယျဓမ္မ၊ သပြေပင်ကျောင်းတိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း
၃၇။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘိုးသိန်းတန်ကျောင်းတိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း
၃၈။ ဘဒ္ဒန္တယုဂန္ဓရ၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ညောင်တုန်းမြို့၊ဧရာဝတီတိုင်း
၃၉။ ဘဒ္ဒန္တဝါသဝ၊ မစိုးရိမ်ကျောင်းတိုက်၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်း
၄၀။ ဘဒ္ဒန္တရေဝတ၊ ကံသာကျောင်းတိုက်၊ ဥသျှစ်ကုန်းကျေးရွာ၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း

သီလရှင်ဆရာကြီးများ

၄၁။ ဒေါ်ဓမ္မဒိန္နာ၊ ခေမေသကချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၄၂။ ဒေါ်ဥပ္ပလဝဏ္ဏာ၊ အမ္ဗာရာမသီလရှင်စာသင်တိုက်၊ ကြာနီကန်ရပ်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၄၃။ ဒေါ်သုစာရီ၊ မဟာဗောဓိဘုရားကြီးကျောင်းတိုက်၊ တောင်သာမြို့၊ မန္တလေးတိုင်း
၄၄။ ဒေါ်ဥက္ကဋ္ဌဝတီ၊ အနိဃာသီလရှင်စာသင်တိုက်၊ ပြည်ကြီးမျက်ရှင်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း

မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏဝံသ၊ သစ်ပုံပရိယတ္တိစာသင်တိုက်၊ နန်းမားကျေးရွာ၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တ တေဇောဘာသ၊ သုန္ဒရာရာမကျောင်းတိုက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၃။ ဘဒ္ဒန္တဣန္ဒက၊ အောင်မင်္ဂလာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၄။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ကူးကာမူလပဓာနကျောင်းတိုက်၊ ကူးကာကျေးရွာ၊ ကသာမြို့နယ်၊ စစ်ကိုင်းတိုင်း
၅။ ဘဒ္ဒန္တ မာဃဝ၊ မာဃိန္ဒာရာမ ပရိယတ္တိကျောင်းတိုက်၊ ဝက်လက်မြို့၊ စစ်ကိုင်းတိုင်း
၆။ ဘဒ္ဒန္တဣန္ဒဝံသ၊ မဟာလယ်တီကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၇။ ဘဒ္ဒန္တနာရဒ၊ မော်တောင်စာသင်တိုက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း
၈။ ဘဒ္ဒန္တကုသလ၊ ဝေဠုဝန်ကျောင်းတိုက်၊ ဝေါမြို့၊ ပဲခူးတိုင်း
၉။ ဘဒ္ဒန္တ ဝိရဗလ၊ ဓမ္မာရုံကျောင်းတိုက်၊ ပြွန်တန်ဆာမြို့၊ ညောင်းလေးပင်မြို့နယ်၊ ပဲခူးတိုင်း
၁၀။ ဘဒ္ဒန္တဥက္ကံသ၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၁၁။ ဘဒ္ဒန္တကဝိဓဇ၊ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၁၂။ ဘဒ္ဒန္တဣန္ဒာဝုဓ၊ မြစည်းခုံစာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း
၁၃။ ဘဒ္ဒန္တဝိစက္ခဏာလင်္ကာရာဘိဝံသ၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၁၄။ ဘဒ္ဒန္တပဝိတြသိရီ၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၁၅။ ဘဒ္ဒန္တဝိမလ၊ ရတနာပါဒကျောင်းတိုက်၊ ရွာဘဲရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၁၆။ ဘဒ္ဒန္တ သံဝရာဘိဝံသ၊ မဟာဂန္ဓာရုံ ပရိယတ္တိစာသင်တိုက်၊ အေးမြသာယာမြို့သစ်၊ အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၁၇။ ဘဒ္ဒန္တဥတ္တမ၊ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၁၈။ ဘဒ္ဒန္တဇဋိလ၊ မြို့ခင်းသာတောင်ကျောင်း ပရိယတ္တိစာသင်တိုက်၊ ဂန့်ဂေါမြို့၊ မကွေးတိုင်း
၁၉။ ဘဒ္ဒန္တဓမ္မာစာရ၊ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဖိုရပ်၊ ရေနံချောင်းမြို့၊ မကွေးတိုင်း
၂၀။ ဘဒ္ဒန္တဥတ္တမ၊ ဒက္ခိဏာရာမရွာကြီးကျောင်းတိုက်၊ ရွာကြီးကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်း
၂၁။ ဘဒ္ဒန္တစန္ဒာသိရီ၊ စံကင်းမြိုင်ကျောင်း၊ မြတောင်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း
၂၂။ ဘဒ္ဒန္တပဏ္ဍိတ၊ ပရိယတ္တိမာမကကျောင်းတိုက်၊ရှမ်းပွဲရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း
၂၃။ ဘဒ္ဒန္တဂန္ထသာရ၊ ရန်အောင်မြင်ကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ရမည်းသင်းမြို့၊ မန္တလေးတိုင်း
၂၄။ ဘဒ္ဒန္တကုဏ္ဍလ၊ ဓမ္မဝါစကကျောင်း၊ ဓမ္မိကာရာမတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း
၂၅။ ဘဒ္ဒန္တဂန္ဓမာလာ၊ မဟာကုသိုလ်တော်ကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၂၆။ ဘဒ္ဒန္တဉာဏိန္ဒ၊ သာသနာ့ဇောတိကာရုံစာသင်တိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း
၂၇။ ဘဒ္ဒန္တသူရိယ၊ ပါဠိတက္ကသိုလ်ဥယျာဉ် ပရိယတ္တိစာသင်တိုက်၊ အောင်ဇေယျရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း
၂၈။ ဘဒ္ဒန္တကေသရ၊ သာသနဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရန်မျိုးအောင်ရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း
၂၉။ ဘဒ္ဒန္တသုမနဓဇ၊ စိတ္တပါလဂူကျောင်းတိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း
၃၀။ ဘဒ္ဒန္တမုနိဝရ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၃၁။ ဘဒ္ဒန္တနန္ဒဝံသ၊ သာသနာ့မာရ်အောင်ဝဲပုံစာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၃၂။ ဘဒ္ဒန္တပညိဿရ၊ ဓမ္မရုတတောရကျောင်းတိုက်၊ တောင်စွန်း၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်
၃၃။ ဘဒ္ဒန္တ ဉာဏုတ္တရ၊ မြစေတီစာသင်တိုက်၊ မောင်ငံရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၃၄။ ဘဒ္ဒန္တကလျာဏ၊ မဟာဗောဓိစာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်
၃၅။ ဘဒ္ဒန္တဉာဏိန္ဒသာမိ၊ တောင်တန်းသာသနာပြု ပရိယတ္တိစာသင် တိုက်၊ ရွာကြီးတောင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၃၆။ ဘဒ္ဒန္တ ကဝိသေဋ္ဌ ဖြူးကုန်းတောရကျောင်းတိုက်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း
၃၇။ ဘဒ္ဒန္တဝိစိတ္တဉာဏ မဟာအောင်မြေဘုံစံကျောင်းတိုက်၊ ဗဟန်း မြို့နယ်၊ ရန်ကုန်တိုင်း

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တည်ဆောက်ပြီးဖြစ်သော ပုလဲမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများဖွင့်လှစ်

ကတ္တရာလမ်းသစ်၊ ရေပေးဝေရေးစက်ရုံ၊ ကျောင်းဆောင်သစ်နှင့် အိမ်တွင်းမှုသက်မွေးသင်တန်းကျောင်းများ ပါဝင်

ရန်ကုန် ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်တို့သည် ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၃၁ရက်မွန်းလွဲပိုင်းတွင် မုံရွာခရိုင်ပုလဲမြို့သို့ရောက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ တည်ဆောက်ပြီးဖြစ်သော ပုလဲမြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖွင့်လှစ်ပေးကြသည်။

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း ဗန့်ကျီဆောင် နှစ်ထပ်ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးများသည် ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုလဲမြို့ မြိုင်စည်လေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ကြပြီး ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်ဆွေတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ကတ္တရာလမ်းသစ် တစ်လျှောက် လှည့်လည်ကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ဆက်လက်၍ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြုလုပ်သော ပုလဲမြို့ တိုးချဲ့ရေပေးဝေရေး ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ မြို့ရေပေးဝေရေး ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မြို့ရေပေးဝေရေး ရေစက်ခလုတ်ကိုဖွင့်လှစ်ပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ပုလဲမြို့တွင်းရှိ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့ လှူဒါန်းထား သောရေဂါလန် ၁၅၀၀ဆံ့ အများသုံးသောက်ရေကန်များသို့ သွားရောက်ကြည့်ရှုကြပြီး သောက်ရေကန်များကို ဖွင့်လှစ်ပေး၍ မြို့နယ်တွင်း နေအိမ်များသို့ အိမ်အရောက်ရေပိုက်သွယ်၍ ရေမီတာစနစ်ဖြင့် ရေဖြန့်ဝေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ယခုအခါ ပုလဲမြို့နေ ပြည်သူများ အနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများကို ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက် အသုံးပြုနိုင်ကြပြီဖြစ်သလို စုပေါင်းအုတ်ရေကန်မှ တစ်ဆင့်လည်း အလွယ်တကူ ခပ်ယူအသုံးပြုနိုင်ကြပြီဖြစ်ကြောင်း သိရသည်။ ထို့နောက်ပုလဲမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ဝင်ရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် ပုလဲမြို့အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး "ဗန့်ကျီဆောင်" နှစ်ထပ် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ ရှေးဦးစွာကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင်တို့မှ "ဗန့်ကျီဆောင်" နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ "ဗန့်ကျီဆောင်" နှစ်ထပ်ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။ ထို့နောက်တိုင်းမှူးနှင့် ဝန်ကြီးများသည် နှစ်ထပ်ကျောင်းဆောင်သစ်ကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားကြသည်။

အဆိုပါနှစ်ထပ်ကျောင်းဆောင်သစ်နှင့် စာသင်ခုံများ၊ ကျောင်းသုံးပရိဘောဂများကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေကျပ် ၆၆သိန်း၊ ဒေသသားတစ်ဦးဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မိသားစုနှင့် စေတနာရှင်များက စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၁၁၈သိန်း၊ ကျောင်းသား မိဘများက ထည့်ဝင်လှူဒါန်း ငွေကျပ် ၃၃သိန်း စုစုပေါင်း ငွေကျပ် ၂၁၇သိန်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက လှူဒါန်းသော ဘိလပ်မြေအိတ် ၁၂၀တို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ပုလဲမြို့တွင် တည်ဆောက်ပြီးစီးသွားသည့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က စက်ခလုတ်နှိပ်၍ အမျိုးသမီး အိမ်တွင်းမှုသက်မွေး ပညာသင်ကျောင်း ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် သင်တန်းကျောင်းအတွင်း သင်ကြား လေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယခုအခါ ပုလဲဒေသ ကျေးလက်အမျိုးသမီးများအနေဖြင့်ဇာထိုး၊ပန်းထိုး၊ စက်ချုပ်အတတ်များအပြင် အချက်အပြုတ်၊ အိမ်တွင်းမှုလုပ်ငန်းများကို အခမဲ့ အလွယ်တကူသင်ယူနိုင်ကြပြီဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ပုလဲမြို့နယ် ပုလဲရတနာခန်းမ၌ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့ ပုလဲမြို့ တိုးချဲ့ရေပေးဝေရေး ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးထားမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ပုလဲမြို့နယ်အတွင်း ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကား ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပုလဲမြို့နယ်ကို ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးခဲ့သည့်အတွက် နိုင်ငံတော်နှင့် တိုင်းမှူး၊ ဝန်ကြီး များအား ဒေသသားတစ်ဦးအနေဖြင့် ကျေးဇူးတင်ရှိကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေး၊ အမျိုးသားညီလာခံ အောင်မြင်ရေး၊ ပြည်တွင်းပြည်ပ အဖျက်အမှောင့်လုပ်ရပ်များ တားဆီးကာကွယ် ချေမှုန်းရေးတို့ကို နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ပုလဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့သည့်အတွက် နိုင်ငံတော်နှင့် တာဝန်ရှိပုဂ္ဂိုလ်အားလုံးတို့အား ကျေးဇူးတင်ရှိကြောင်းကို ပြောကြားသည်။

ထို့နောက် ဖွင့်ပွဲများ၊ အထိမ်းအမှတ်အလံများကို တိုင်းမှူးနှင့် ဝန်ကြီးများအား ပေးအပ်ကြသည်။

ယင်းနောက် အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းအတွက် ကွန်ပျူတာတစ်လုံးနှင့် ရေဂါလန် ၁၅၀၀ဆံ့ အများသုံး သောက်ရေကန် တစ်လုံးအတွက် ငွေကျပ် ၃၅၀၀၀၀ကို လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းအတွက် ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပုလဲမြို့ရှိ ရပ်ကွက်များတွင် အသုံးပြုရန် ရေဂါလန် ၁၅၀၀ဆံ့ အများသုံး သောက်ရေကန် တစ်လုံးအတွက် ငွေကျပ် ၃၅၀၀၀၀နှင့် အားကစားပစ္စည်းများကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပုလဲမြို့ရှိ ရပ်ကွက်များတွင် အသုံးပြုရန် ရေဂါလန် ၁၅၀၀ဆံ့ အများသုံးသောက်ရေကန်တစ်လုံးအတွက် ငွေကျပ် ၃၅၀၀၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူအသီးသီးက လက်ခံကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ငွေကျပ်သိန်း ၃၅၀ ဖောက်ထွင်းခိုးယူမှု မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ကုန်သည်လမ်း အမှတ် (၅၆၁/၅၆၇)မြေညီထပ် အခန်း(၃)၌ ရုံးခန်းဖွင့်လှစ်ထားသော ဟုန်ရှင်းကုမ္ပဏီလီမိတက်သည် လုပ်ငန်းသုံးငွေကျပ်သိန်း ၁၀၅၀ကို ရုံးခန်းအတွင်း သိမ်းဆည်းထားရာမှ ငွေကျပ်သိန်း ၃၅၀လျော့နည်းပျောက်ဆုံးသဖြင့် ၂၀၀၅ခုနှစ် အောက်တိုဘာ ၃ရက်တွင် ကျောက်တံတားရဲစခန်း၌ အမှုဖွင့် တိုင်ကြားခဲ့သည်။

စုံစမ်းစစ်ဆေးချက်များအရ ကျောက်တံတားမြို့နယ် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှ လုံခြုံရေးဝန်ထမ်း တာဝန်ထမ်းဆောင်ခဲ့ဖူးသူ မင်းကျော်သူ(ခ) မင်းမင်း(၃၁)နှစ် (ဘ)ဦးကျော်စိန် အမှတ်(၃၈) သီရိမင်္ဂလာ(၁)လမ်း (၈)ရပ်ကွက် မြောင်းမြမြို့ ဧရာဝတီတိုင်းနေသူသည် ၂၃-၁၀-၂၀၀၅ ရက်တွင် အလုပ်မှ ထွက်သွားကြောင်း၊ ၎င်းသည် အမှတ်(၁၃၂) ပထမထပ် ဆိပ်ကမ်းသာလမ်း (၇)ရပ်ကွက် ကျောက်တံတားမြို့နယ်၌ ရုံးခန်းဖွင့်ကာ အကျိုးဆောင်ဒါရိုက်တာအဖြစ် လုပ်ကိုင်နေကြောင်း၊ လက်ကိုင်ဖုန်းတစ်လုံးကို ငှားရမ်းသုံးစွဲ၍ ငွေကြေးသုံးစွဲမှုများမှာ သင်္ကာမကင်းဖွယ်ရှိကြောင်း တာဝန်သိပြည်သူများထံမှ သတင်းရရှိခဲ့သည်။

ယင်းသတင်းကွင်းဆက်အရ ၎င်းတရားခံသည် ၂၆-၁၀-၂၀၀၅ ရက်တွင် မြောင်းမြ-ရန်ကုန်ပြေးဆွဲနေသည့် နစ်ဆန်းမှန်လုံယာဉ်တစ်စီးကို ငွေကျပ် ၂၃၇ သိန်းဖြင့် ဝယ်ယူခဲ့ကြောင်း ထပ်မံတွေ့ရှိရ၍ ခေါ်ယူစစ်ဆေးခဲ့ရာ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ၎င်းတရားခံအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ မင်းကျော်သူ၏ ထွက်ဆိုချက်အရ ၎င်းသည် ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်း ည ၁၁နာရီအချိန်ခန့်တွင် ၎င်းလုပ်ကိုင်သည့် ကျောက်တံတားမြို့နယ်ရှိ ဆောက်လုပ်ရေးတာဝါအနောက်ဘက် လမ်းကြားသို့ ရေစက်ရေချူရန် ဟုန်ရှင်းကုမ္ပဏီလီမိတက်ရုံးခန်းအနီး အနောက်ဘက်ပေါက်မှ သွားရောက်စဉ် ဟုန်ရှင်းကုမ္ပဏီလီမိတက် ရုံးခန်းအပြင်သံပန်းတံခါးကို သော့ခတ်လျက်တွေ့ရှိရသောကြောင့် ရေစက်သော့ဖြင့်ဖွင့်ပြီး ဝင်ခဲ့ကြောင်း၊ ၎င်းနောက် အတွင်းသစ်သားတံခါးကို လက်ဖြင့်တွန်း၍ တံခါးလက်ကိုင်အဝိုင်းကိုလှည့်ဖွင့်ကာ သံတိုင်များကာရံထားသည့် အခန်းအတွင်းရှိ ပီနံအိတ်ဖြင့် ထည့်ထားသော ငွေထုပ်ခုနစ်ထုပ်အနက်မှ အချို့ကို သံချိတ်ဖြင့် ချိတ်၍ဆွဲယူခဲ့ပြီး အခန်းနှင့်သော့ကို ခြေရာလက်ရာမပျက် ပြန်ပိတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ခိုးယူရရှိငွေဖြင့် ဝယ်ထားသော နစ်ဆန်းမော်တော်ယာဉ်တစ်စီး၊ ယာဉ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ GSM ဖုန်းနှင့် ရွှေထည်ပစ္စည်းများ၊ မြန်မာငွေကျပ် ၄၂၇၀၀၀ အပါအဝင် ရွှေထည်ပစ္စည်းများ၊ အခြားပရိဘောဂများကို သိမ်းဆည်းရမိခဲ့သည်။ (သတင်းစဉ်)

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အမိန့်ကြော်ငြာစာ

အမှတ်၊ ၂/၂၀၀၆

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း(၆)ရက်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းလိုက်သည်-

ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ဒေါ်ကြန်၊ မြန်မာစာအဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

၂။ ဒေါ်မြင့်သန်း၊ မြန်မာစာအဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

ဆေးပညာထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဒေါက်တာခင်မာလေး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

၂။ ဒေါက်တာဇင်မာအောင်၊ သုတေသနအရာရှိ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

လယ်ယာစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးညွန့်ရွှေ၊ ပါမောက္ခ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ ဦးသန်းအေး၊ အထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၃။ ဦးလှမျိုး၊ အထွေထွေမန်နေဂျာ (တာဝန်)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

လယ်ယာစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဒေါ်တင်ဝင်း၊သုတေသနအရာရှိ၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ ဦးမောင်မောင်တာ၊ သုတေသနလက်ထောက်(၂)၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၃။ ဒေါ်ခင်လေးဆွေ၊ တွဲဖက်ပါမောက္ခ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၄။ ဒေါ်မြမြ၊ တွဲဖက်ပါမောက္ခ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၅။ ဦးသိန်းလွင်၊ ကထိက၊ စိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၆။ ဦးမောင်မောင်မြင့်၊ ကထိက၊ စိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၇။ ဒေါ်ခင်နှင်းယု၊ ကထိက၊ စိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၈။ ဒေါ်မာမာကြူ၊ ကထိက၊ စိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၉။ ဦးဆောကျော်၊ တောင်သူ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၁၀။ ဦးဆာထွန်း၊ တောင်သူ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၁၁။ ဒေါ်ရန်ကျောင်း၊ တောင်သူ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၁၂။ ဦးလှကြီး၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၁၃။ ဒေါက်တာခင်မောင်သက်၊ လက်ထောက်မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၁၄။ ဒေါ်သန်းသန်းစိုး၊ လက်ထောက်သုတေသနအရာရှိ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၁၅။ ဦးဇော်မြင့်၊ သုတေသနအရာရှိ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စက်မှုစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးတင်ဖူး၊ ကျွမ်းကျင်သူ၊ မြန်မာ့ကြံလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ ဦးစောအောင်၊ ဒုတိယစက်ရုံမှူး(စီမံကိန်း)၊ ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၃။ ဦးထွန်းမြင့်၊ ဒုတိယအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၄။ ဦးထွန်းအေး၊ ဒုတိယအင်ဂျင်နီယာချုပ်၊ စီမံရေးရာဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဦးမြင့်ဇော်၊ ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ ဦးစိန်သောင်းဦး (Chairman) မြန်မာ့ဓာတုအင်ဂျင်နီယာများအဖွဲ့ ကုမ္ပဏီလီမိတက်၊ မြန်မာ့ကြံလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၃။ ဦးမောင်မောင်လွင်၊ ဒုတိယဦးစီးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၄။ ဒေါ်ခင်စန်းညွန့်၊ စက်ရုံမှူး၊ မရမ်းကုန်းဆေးဂွမ်းနှင့် ပတ်တီးစက်ရုံ၊ အမှတ်(၂၆)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၅။ ဦးမြင့်ဦး၊ လက်ထောက်သုတေသနအရာရှိ၊ ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၆။ ဒေါ်ဉမ္မာထွဋ်၊ လက်ထောက်သုတေသနအရာရှိ၊ ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၇။ ဒေါ်ချယ်ရီအောင်၊ သုတေသနလက်ထောက်(၂)၊ ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၈။ ဦးစံလွင်၊ မန်နေဂျာ၊ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန

၉။ ဦးဝင်းဗိုလ်၊ အလုပ်ရုံစုမှူး၊ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန

၁၀။ ဦးစောရွှေဘ၊ အလုပ်ရုံစုမှူး၊ အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)၊ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန

၁၁။ ဦးမြင့်စိုး၊ လက်ထောက်မန်နေဂျာ၊ လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန

၁၂။ ဦးမျိုးသန့်၊ လက်ထောက်အင်ဂျင်နီယာချုပ်၊ အင်ဂျင်နီယာဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၁၃။ ဦးမောင်မောင်မြင့်၊ ဖိုမင်၊ ကြိတ်ခွဲထုတ်လုပ်ရေးဌာန၊ အင်ဂျင်နီယာဌာနခွဲ၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၁၄။ ဦးညွန့်ဝေ၊ ဥက္ကဋ္ဌ၊ စံမင်းကုန်ထုတ်သမဝါယမအသင်း လီမိတက်၊ သမဝါယမဝန်ကြီးဌာန

၁၅။ ဦးစိုးမြင့်၊ လက်ထောက်အင်ဂျင်နီယာ(လွန်တူး)၊ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၁၆။ ဦးတင်မြင့်၊ လက်ထောက်အင်ဂျင်နီယာ(လွန်တူး)၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၁၇။ ဦးမောင်မောင်ပြုံး၊ လက်ထောက်အင်ဂျင်နီယာ(စက်မှု)၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၁၈။ ဦးတင်ရီ၊ အလုပ်ရုံစုမှူး(၁)၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၁၉။ ဦးစိန်သောင်း၊ အင်ဂျင်နီယာမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန

၂၀။ ဦးလှသိန်း၊ အီလက်ထရွန်နစ်ကျွမ်းကျင်-၁၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန

၂၁။ ဦးမျိုးဝင်း၊ အင်ဂျင်နီယာမှူး၊ လက်ထောက်အင်ဂျင်နီယာ၊ အဝေးဆက်သွယ်ရေးစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန

၂၂။ ဦးကျော်စိန်၊ လက်ထောက်အမှုဆောင်အင်ဂျင်နီယာ (ရေနံထုတ်လုပ်ရေး)မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(ရွာမ ဓာတ်ငွေ့ထိန်းဖြန့်စခန်း) ရန်ကုန်တိုင်း၊ စွမ်းအင်ဝန်ကြီးဌာန

၂၃။ ဦးကိုလေး၊ လက်ထောက်အမှုဆောင်အင်ဂျင်နီယာ (သယ်ပို့စက်ပြင်)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (သာကေတအခြေစိုက်စခန်း)ရန်ကုန်တိုင်း၊ စွမ်းအင်ဝန်ကြီးဌာန

၂၄။ ဦးညွန့်ပိုင်၊ စ-အင်ဂျင်နီယာ၊ (သယ်ပို့စက်ပြင်)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (ချောက်ရေနံမြေ)၊ မကွေးတိုင်း၊ စွမ်းအင်ဝန်ကြီးဌာန

၂၅။ ဦးအောင်ကျော်ဦး၊ အမှုဆောင်အင်ဂျင်နီယာ(က)၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)တောင်ငူ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

စီမံထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဦးမြညိမ်း၊ ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး

၂။ ဦးတင်ဝင်း၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဘာလင်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၃။ ဦးနေဝင်း၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ လန်ဒန်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၄။ ဦးတင်ဦး၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ဗီယင်ကျန်းမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၅။ ဦးသက်ဝင်း၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ကင်ဘာရာမြို့၊နိုင်ငံခြားရေးဝန်ကြီးဌာန

၆။ ဦးလှမြင့်၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ တိုကျိုမြို့၊နိုင်ငံခြားရေးဝန်ကြီးဌာန

၇။ ဦးစောလှမင်း၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ပါရီမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၈။ ဦးမောင်ညို၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ အစ္စလာမ်မာဘတ်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၉။ ဦးသိန်းလွင်၊ သံအမတ်ကြီး၊မြန်မာသံရုံး၊ ပေကျင်းမြို့၊နိုင်ငံခြားရေးဝန်ကြီးဌာန

၁၀။ ဦးကြည်သိန်း၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၁၁။ ဦးတင်လတ်၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဟန္နိုင်းမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၁၂။ ဦးစိုးမြင့်၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ကိုင်ရိုမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၁၃။ ဦးမြင့်ဆွေ၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ တဲလ်အဗီးမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၁၄။ ဦးဉာဏ်လင်း၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၁၅။ လ-၁၅၅၂၊ ရဲမှူးကြီးခမ်းအောင်၊ ဌာနမှူး၊ မူးယစ်ဗဟိုနှင့်မူးယစ်ဆေးဝါးပပျောက်ရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ပြည်ထဲရေးဝန်ကြီးဌာန

၁၆။ ဦးစိုးသိန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

၁၇။ ဦးငွေထွန်း၊ ညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန

စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးထွန်းကြည်၊ ညွှန်ကြားရေးမှူး၊ တရားမ တရားစီရင်ရေးဌာန၊ တရားရုံးချုပ်(ရန်ကုန်)

၂။ ဦးမြသိန်း၊ ညွှန်ကြားရေးမှူး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာနခွဲ၊ တရားရုံးချုပ်(ရန်ကုန်)

၃။ ဦးဉာဏ်ထွန်း၊ ညွှန်ကြားရေးမှူး၊ လေ့ကျင့်ရေးဌာနခွဲ၊ တရားရုံးချုပ်(မန္တလေး)

၄။ ဦးခင်ထွန်း၊ တိုင်းတရားသူကြီး၊ တိုင်းတရားရုံး၊ မန္တလေးတိုင်း

၅။ ဦးအုန်းကျော်၊ တိုင်းတရားသူကြီး၊ တိုင်းတရားရုံး၊ ဧရာဝတီတိုင်း

၆။ ဦးအောင်သန်းစိုး၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

၇။ ဦးသန်းအောင်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

၈။ ဦးသိန်းမြင့်၊ ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး

၉။ ဦးသိန်း၊ ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး

၁၀။ ဦးညီညီစံ၊ ဒုတိယပါမောက္ခချုပ်၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့

၁၁။ ဦးအောင်ကျော်ဟိန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး

၁၂။ ဦးရဲခေါင်၊ အထွေထွေမန်နေဂျာ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၁၃။ ဦးဖေသန်း၊ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၁၄။ ဦးသန်းချို၊ အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၁၅။ ဦးဘထွေးချစ်၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၁၆။ ဦးခင်မောင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန၊နိုင်ငံခြားရေးဝန်ကြီးဌာန

၁၇။ ဦးကြီးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၁၈။ ဦးဖေသန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၁၉။ ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၂၀။ ဦးစိန်ဝင်းအောင်၊အကြံပေးပုဂ္ဂိုလ်၊နိုင်ငံခြားရေးဝန်ကြီးဌာန

၂၁။ ဦးအောင်သန်း၊ အကြံပေးပုဂ္ဂိုလ်၊နိုင်ငံခြားရေးဝန်ကြီးဌာန

၂၂။ ဦးသန်းထွန်း(အာဆီယံ)၊ အကြံပေးအရာရှိ၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၂၃။ ဦးစိုးသီဟ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၂၄။ လ-၁၄၄၅၊ ရဲမှူးကြီးတင်မောင်မောင်၊ တိုင်းရဲတပ်ဖွဲ့မှူး၊ စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ပြည်ထဲရေးဝန်ကြီးဌာန

၂၅။ လ-၁၄၄၇၊ ရဲမှူးကြီးလှမြင့်၊ တနင်္သာရီတိုင်းရဲတပ်ဖွဲ့၊မြိတ်မြို့၊ ပြည်ထဲရေးဝန်ကြီးဌာန

၂၆။ ဒေါ်မြမြ၊ ဒုတိယအထွေထွေမန်နေဂျာ(ထုတ်လုပ်)ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန

၂၇။ ဦးရဲတင့်၊ စာတည်းမှူးချုပ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန

၂၈။ ဗိုလ်မှူးကြီးသန်းရှိန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန

၂၉။ ဦးညီညီလွင်၊ အကြံပေးပုဂ္ဂိုလ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

၃၀။ ဒေါ်အေးအေးမြိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

၃၁။ ဒေါက်တာသံဒိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

၃၂။ ဒေါက်တာသန်းလှ၊ ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

၃၃။ ဒေါက်တာသန်းထွန်း၊ ညွှန်ကြားရေးမှူး၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

(ဆက်လက်ဖော်ပြပါမည်)

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံ အကြီးအကဲများ သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာများထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ် လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၆)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ် (၂/၂၀၀၆)ကိုလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းသည့်

စာမျက်နှာ ၂ ကော်လံ ၃ သို့ ✧

ထူးချွန်ဆုရ ကျောင်းသား၊ကျောင်းသူများ နိုင်ငံတော်၏ဂုဏ်ပြုမှုအပေါ်အလေးအနက်ခံယူ အနာဂတ်တွင် မိမိနိုင်ငံနှင့် လူမျိုး ဖွံ့ဖြိုးတိုးတက်ရေး သန္နိဋ္ဌာန်စိတ်ဖြင့် ကြိုးပမ်း ကျောင်းသား၊ကျောင်းသူများကို နိုင်ငံတော်က အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် ပျိုးထောင်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဘက်စုံပညာထူးချွန်ဆုရရှိသော ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၃

ပညာရေးဝန်ကြီးဌာန ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဟန်မွန်မျိုးဟိန်းနှင့် အဋ္ဌမတန်းကျောင်းသူ မထက်ထက်အောင်တို့က မြန်မာဘာသာအခမ်းအနားမှူးများအဖြစ်လည်းကောင်း၊ အဋ္ဌမတန်းကျောင်းသူ မဆုလတ်ရတနာနှင့် သတ္တမတန်းကျောင်းသူ မမေအိန္ဒြာကျော်တို့က အင်္ဂလိပ်ဘာသာ အခမ်းအနားမှူးများအဖြစ်လည်းကောင်း ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာကြသည်။

ရှေးဦးစွာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားကို နိုင်ငံတော်သီချင်းဖြင့် ဖွင့်လှစ်သည်။

ဆက်လက်၍ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **စာမျက်နှာ ၈ ကော်လံ ၁ သို့**

အချပ်ပို (၈)မျက်နှာ ဖော်ပြပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၀၆ခုနှစ်၊ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအထူးထုတ် ရောင်စုံအချပ်ပိုလေးမျက်နှာနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေး အကြံပြုချက် အချပ်ပိုလေးမျက်နှာ စုစုပေါင်းအချပ်ပို ရှစ်မျက်နှာ ဖော်ပြပါရှိပါသည်။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

✪ *မြန်မာ့ဇာတိသွေး၊ ဇာတိမာန်ဖြင့် စွန့်လွှတ်စွန့်စားရယူခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးကို ထာဝရ မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။*
(ခေါင်းကြီး) (စာမျက်နှာ-၂)

✪ *မြင်းမူမောင်နိုင်မိုး၏ "လွတ်လပ်ရေးသတိ အမြဲရှိ"*
(ကဗျာ) (အထူးထုတ်)

✪ *တက္ကသိုလ်မောင်သုလှိုင်၏ "နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် အင်အားသုံးရပ် ပေါင်းစည်းခြင်းမှသည် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဆီသို့"*
(ဆောင်းပါး) (အထူးထုတ်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၃

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေးတည်းဟူသော ၂၀၀၆ ခုနှစ်(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များဖြင့် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီတို့က စီစဉ်ပြသသည့် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၇နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၂ ကော်လံ ၃ သို့** ✪